ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
တနင်္ဂနွေစာစောင်၊ နံပတ် (၁၂၅)

နေ့စွဲ – ၁၆.၉. ၂၀၁၂

<u>သမိုင်းကဏ္ဍ</u>

## အာသန်နေးစီးယပ်စ် – ကမ္ဘာကြီးကိုဆန့်ကျင်ဝံ့သူ

(Athanasius - Against the World)

**နိဒါန်း**

အသင်းတော်၏ ဘုရင်ဖြစ်သူ သခင်ဘုရားက အသင်းတော်သမိုင်း၏ သေရေးရှင်ရေး ဖြစ်သောအချိန်များတွင်၊ အကြောက်အရွံ့ လုံးဝမရှိသည့် သတ္တိရှိသူများ ပေါ်ထွက်လာကြရန် ကျေနပ်တော်မူပါသည်။ ထိုသူတို့သည် အမှန်တရားအတွက်ဆိုလျှင် ဘာမဆို စွန့်လွှတ်ကြဖို့ အလိုဆန္ဒရှိကြသူများဖြစ်သည်။ ထိုသို့သော်သူသည် မာတင်လူသာ ဖြစ်သည်၊ ထိုသို့သောသူသည် ဂျွန်ကဲလ်ဗင်း ဖြစ်သည်၊ ထိုသို့သော်သူများသည် နယ်သာလန်နိုင်ငံတွင် ၁၈၃၄ ဝန်းကျင်ကပေါ်ထွက်လာသော၊ “ခွဲထွက်သူများ” (သို့) သီးသန့်နေကြသူများ”လှုပ်ရှားမှု၏ ခေါင်းဆောင်များ ဖြစ်ကြသည်၊ သခင်ဘုရားသည် ပရိုတက်စတင့်ရီဖေါ့မ်အသင်းတော်များ၌လည်း ထိုသို့သော် ဝိညာဉ်ရေးရာဖခင်များ ရှိနေဖို့ ကျေနပ်တော်မူပါသည်။

ထိုသို့သောသူတယောက်သည် အာသန်နေးစီးယပ်စ်ဖြစ်ပါသည်။ အလွန့်အလွန်အရေးကြီးသောအချိန်တွင် ဘုရားသခင် ကသူ့အား၊ သူ့ခေတ်က အသင်းတော်ထဲတွင် ရှိသမျှလူအားလုံးလောက်နီးပါးကို ဆန့်ကျင်လျှက်၊ ကျွန်တော်တို့၏သခင် ယေရှုခရစ်တော်၏ ဘုရားဖြစ်ခြင်းအမှန်တရားကို ခုခံကာကွယ်သူအဖြစ် ပေါ်ထွက်လာစေခြင်းဖြစ်သည်။ သူ၏နာမည်နှင့်တွဲ၍ သူ့အုပ်ဂူတွင် စိုက်ထူထားသောကျောက်စာက အာသန်မေးစီးယပ်စ် လုပ်ဆောင်ခဲ့သည်ကို ဂုဏ်ပြုသည့်အနေနှင့် ခေတ်အဆက်ဆက် ထုတ်ဖေါ်ပြောပြနေပါသည်၊– “အာသန်နေးစီးယပ်စ် ခွန်ထရာမန်ဒန်၊” အဓိပ္ပါယ်မှာ အာသန်နေးစီးယပ်စ်သည် ကမ္ဘာကြီးကို ဆန့်ကျင်ခဲ့သည်ဟူ၍ဖြစ်ပါသည်။ မှတ်သားလောက်သည်မှာ ထိုသို့သော အရေးကြီးလွန်းလှသည့်အချိန်တွင် ခရစ်တော်၏အမှန်တရားကို ခုခံကာကွယ်သူ တယာက်တည်းသာ ရှိခဲ့ခြင်းကို ဖြစ်ပါသည်။ တယောက်တည်းက ကမ္ဘာကြီးကို ဆန့်ကျင်ခဲ့ခြင်းဖြစ်ပါသည်။

**သူ၏ငယ်စဉ်ဘဝ**

အာသန်နေးစီးယပ်စ်၏ ဇာတိမြေမှာ အလက်ဇန်းဒရီယားမြို့တော်ဖြစ်သည်(အီဂျစ်နိုင်ငံတွင်ရှိသည့်မြို့)။ ထိုမြို့၌ အတော်ကလေးစောသောအချိန်ကပင် ကျမ်းစာကျောင်းကို တည်ထောင်ခဲ့ကြပြီးဖြစ်သည်။ ထို့အပြင် ထိုမြို့တော်ကြီးသည် အမြုပ်တစီစီထွက်အောင် ခေတ်ပြိုင်ဖီလိုဆိုဖီဆရာကြီးများ ယှဉ်ပြိုင်ငြင်းခုံကြသောနေရာလည်း ဖြစ်ပါသည်။ မဟာဗျူဟာကျလှသော နေရာထိုင်ခင်းကြောင့် ထိုမြို့တော်သည် ကြက်ပျံမကျအောင် စည်ကားသော ရောင်းဝယ်ရေးဆိပ်ကမ်းမြို့တော်၊ အရှေ့ကမ္ဘာနှင့်အနောက်ကမ္ဘာတို့ တွေ့ဆုံရာနေရာဖြစ်ပါသည်။ ဂရိဖီလိုဆိုဖီ၊ အရှေ့တိုင်းဂမ္ဘီရနက်နဲသောဘာသာ၊ ခရစ်ယာန်ဘာသာ စသည်တို့အားလုံး တခုနှင့်တခု တွန်းတိုက်မိကြကာ၊ အသာစီးရရန် ဤနိုင်းမြစ်ကြီး၏ မြစ်ဝကျွန်းပေါ်ဒေသတွင် တည်ဆောက်ထားသော အီဂျစ်မြို့တော်ကြီးတွင် တိုက်ခိုက်ငြင်းခုံနေကြလျှက် ရှိခဲ့ပါသည်။

အာသန်နေးစီးယပ်စ်၏ ငယ်စဉ်ဘဝအကြောင်းကို သိပ်မသိရပါ။ သူသည် အေဒီ ၂၉၆ တွင် ချမ်းသာကြွယ်ဝသော အထက်တန်းလွှာမိဘများမှ မွေးဖွားလာခဲ့ပါသည်။ မိသားစု၏ လူမှုရေးအသိုင်းအဝိုင်းထဲ ဝင်ဆန့်သောနေရာနှင့်ကိုက်ညီရလေအောင်၊ သူသည် ဂန္ထဝင်ပညာရေး၊ ခေတ်ပေါ်ပညာရေးတို့ကို ရရှိခဲ့ပါသည်။ ထို့အပြင် သူသည် ဂရိဖီလိုဆိုဖီ(ဒဿနပညာ)၌ အလွန်ထူးချွန်သူဖြစ်ခဲ့ပါသည်။ အတော်ငယ်သေးသောအချိန်မှပင် ခရစ်ယာန်ယုံကြည်ခြင်းကို သိလာကာ၊ အလွန်ချစ်မြတ်နိုးခဲ့ပါသည်။

သူနှင့်ပတ်သက်၍ ပုံပြင်သဘာမျိုး ဇတ်လမ်းတပုဒ်ရှိပါသည်၊ အလက်ဇန်းဒရီးယားမြို့မှ သင်းအုပ်များ အစည်းအဝေးတခု လုပ်ခဲ့ချိန်ကဖြစ်သည်၊ သူတို့အစည်းအဝေးလုပ်သော အခန်းပြတင်းပေါက်မှ အပြင်ဖက်၌ ကစားနေကြသော ကလေးများကို လှမ်းမြင်နေရသည်၊ ကလေးများက သင်းအုပ်ဆရာလုပ်တမ်း ကစားနေကြခြင်းဖြစ်သည်။ အသင်းတော်၌ သင်းအုပ်များပြုမူပုံကို ကလေးဘာဝ အတုခိုးနေကြခြင်းဖြစ်သည်။ ထိုအခါ ကလေးများထဲမှ တဦးက သူ၏ကစားဖေါ်ကို ဗတ္တိဇံပေးသည့်ပုံစံလုပ်ကာ ကစားပါသည်။ ထိုအခါ သင်းအုပ်များက ကလေးများ အရှိန်လွန်လာပြီကို သတိရကြသဖြင့် ခေါ်ယူကာ ထိုသို့ မဆော့ကောင်းကြောင်း ဆုံးမကြရပါတော့သည်။ ထိုသို့ ဗတ္တိဇံပေးသလို ဆော့ကစားသောကလေးငယ်မှာ အာသန်နေးစီးယပ်စ်ဖြစ်သည်ဟု ပြောတတ်ကြပါသည်။ အလက်ဇန်းဒရီးယားမြို့တော် သင်းအုပ်၏အမည်မှာ မြို့နာမည်အတိုင်း အလက်ဇန်းဒါးဖြစ်ပါသည်။ သူက ကလေးငယ်အာသန်နေးစီးယပ်စ်ကို ခေါ်ထားကာ၊ ခရစ်ယာန်တို့အကြောင်း ပို၍အသေးစိတ်သွန်သင်ပါသည်။ ထိုအဖြစ်အပျက်သည် သင်းအုပ်အလက်ဇန်းဒါးနှင့် အာသန်နေးစီးယပ်စ်တို့ကြားရှိ ရှည်ကြာလှသော ရင်းနှီးလှသည့်မိတ်ဆွေဖြစ်မှု၏ အစပျိုးဖြစ်ပါသည်။ အာသန်နေးစီယပ်စ်သည် မကြာမီတွင် ဝိညာဉ်ရေးရာနှင့်သီဩလော်ဂျီပညာတွင် မိမိဆရာထက် သာလွန်သူဖြစ်လာပါသည်။ အာသန်နေးစီး ယပ်စ်သည် မကြာမီ သင်းအုပ်အလက်ဇန်းဒါး၏ အတွင်းရေးမှူးနှင့် အသင်းတော်၏သင်းထောက်လူကြီး ဖြစ်လာပါသည်။

**ကြီးမားပြင်းထန်လှသောအငြင်းပွားမှုကြီး**

အာသန်နေးစီးယပ်စ်၏ ဘဝအကြောင်းအရာများသည် ခရစ်ယာန်အသင်းတော်ကို ဒုက္ခအပေးနိုင်ဆုံးဖြစ်သည့် အကြီးမားအပြင်းထန်ဆုံးသော အငြင်းပွားမှုများထဲမှတစုနှင့် နီးကပ်စွာ ဆက်နွယ်ဖြစ်ပျက်နေပါသည်။ ထိုအငြင်းပွားမှုသည် ခရစ်တော်၏ ဘုရားဖြစ်ခြင်း(Christ's divinity) အမှန်တရားပေါ်တွင် ဖြစ်ပါသည်။

အသင်းတော်၏ ကြီးမားသောရန်သူ၊ စာတန်၊ နတ်ဆိုးတို့၏ဘုရင်ထံတွင်၊ စွမ်းအားပြင်းထန်သောလက်နက်မျိုးစုံရှိပါသည်။ ထိုလက်နက်ကြီးများဖြင့် သူသည် ခရစ်တော်၏အသင်းတော်၏ခံတပ်ကို ထပ်ခါထပ်ခါ ပစ်ခတ်နေပါသည်။ ညှဉ်းပန်းနှိပ်စက်ခြင်းသည် ထိုလက်နက်ကြီးများမှ တခုဖြစ်သည်။ သို့သော် ထိုလက်နက်ဖြင့် အသင်းတော်ကို ဖြိုခွင်းရာ မအောင်မြင်နိုင်ခဲ့ပါ၊ အဘယ့်ကြောင့်ဆိုသော် "မာတုရ(အာဇာနည်)တို့၏သွေးစက်များသည် သင်းတော်၏မျိုးစေ့များ ဖြစ်လာခဲ့ပါသည်။"

ယခုအခါ စာတန်သည် မှားယွင်းသောသြဝါဒ ဆိုသော လက်နက်ကြီးတမျိုးကို သုံးပြန်ပါသည်။ ထိုလက်နက်က ခရစ်ယာန် ယုံကြည်ခြင်း၏ ဗဟို နှလုံးသားနေရာတည့်တည့်ကို ချိန်ထားပါသည်၊ ခရစ်တော်၏ဘုရားဖြစ်ခြင်းအမှန်တရားကို ဖြစ်သည်။ အကယ်၍ စာတန်သည် အသင်းတော်၏ထိုသြဝါဒကို ခြေဖျက်နိုင်လျှင်၊ အသင်းတော်သည် ထာဝရဖြိုဖျက်ပြီးဖြစ်ပါမည်။ သခင်ဘုရား ကိုယ်တိုင်က တပည့်တော်များကို၊ "ထိုဝန်ခံချက်ကျောက်ပေါ်တွင် သူသည် သူ့အသင်းတော်ကို တည်ထောင်မည်၊ ငရဲ၏တံခါးတို့က ပင် ထိုအသင်းတော်ကို အနိုင်မရနိုင်"ဟု ပြောခဲ့ပါသည် (မဿဲ ၁၆း၁၃–၁၉)။ တမန်တော်ယောဟန်ကလည်း ယေရှုခရစ်သည် အသွေးအသားနှင့်လာခဲ့သည်ကို ငြင်းဆန်သူများအားလုံးသည် အန္တိခရစ်ဖြစ်သည်ဟု သတိပေးခဲ့ပါသည် (၁ယော ၄း၃)။

အသင်းတော်သည် အလွန်ငယ်သေးသဖြင့်၊ ထိုသြဝါဒမျိုးကို သေချာစွာရေးသားပေါ်ထွက်ခြင်းမျိုး မရှိသေးချိန်ဖြစ်သည်။ ထို့ကြောင့် ထိုအမှန်တရားအပေါ် အတော်ကလေးရှုပ်ထွေးနေခဲ့ကြပါသည်။ ခမည်းတော်နှင့်သားတော် နှစ်ဦးစလုံးသည် ဘုရားသခင်ဖြစ်သည်ဆိုလျှင်၊ အဘယ်သို့ ဘုရားသခင်သည် တဆူတည်းသာ စစ်မှန်သော၊ အသက်ရှင်သော ဘုရားသခင် ဖြစ်နိုင်ပါမည်နည်း? ထိုမေးခွန်းကို အသင်းတော်သည် အဖြေပေးဖို့ အတော်လေး ရုန်းကန်ခဲ့ရပါသည်။ ထိုပြဿနာဖြေရှင်းနိုင်ဖို့ မျိုးစုံသောအဖြေများကို တင်ပြခဲ့ကြသည်။ သို့သော် တင်ပြသမျှကို အသင်းတော်က ရှင်းလင်းလှသောကျမ်းစာ၏ပေါ်ပြချက်နှင့် ကိုက်ညီမှုမရှိသဖြင့် ငြင်းပယ်ခဲ့သည်ချည်းသာဖြစ်သည်။ သို့သော် ကျမ်းစာက ဘာကိုအတိအကျပြောပါသနည်းဆိုသည်အတွက်မူ အသင်းတော်သည် အဖြေမပေးနိုင်ခဲ့ပြန်ပါ။

ထိုသို့သောအခြေအနေမျိုးတွင် အေးရီးယပ်စ်(Arius)ဆိုသောသူက သူ၏ဖြေရှင်းမှုကို တင်ပြလာခြင်းဖြစ်သည်။ သူသည် အလွန်တော်သောပုဂ္ဂိုလ်ဖြစ်သည်၊ သို့သော် သူသည် မောက်မာလှသော အလကားလူလည်း ဖြစ်ပြန်ပါသည်။ သူက သားတော်သည် သားဖြစ်သောကြောင့် ဘုရားသခင်မဖြစ်နိုင်ဟု တင်ပြသည်။ သူသည် ထာဝရရှိနေသူတော့ ဖြစ်နိုင်ကောင်းပါသည်၊ သို့သော် သူသည် ဖန်ဆင်းခံရသူသာဖြစ်ရမည်။ အကယ်၍ သူသည် ဖန်ဆင်းခံရသူဖြစ်လျှင် သူမရှိခဲ့သောအချိန်တချိန် ရှိမည်ဖြစ်သည်။ ထိုသို့ အေးရီးယပ်စ်က ကျွန်တော်တို့၏သခင် ယေရှုခရစ်သည် ဘုရားသခင်မဟုတ်၊ ဖန်ဆင်းခံသတ္တဝါများတွင် အမြင့်ဆုံးသောသူဖြစ်သော်လည်း ဖန်ဆင်းခံသာဖြစ်သည်ဟု သွန်သင်ပါသည်။

အသင်းတော်တွင် သူ၏သြဇာက အတော်လွှမ်းမိုးသဖြင့် သူ့အမြင်ကို အများကလက်ခံကြပါသည်၊ သူ၏သွန်သင်ခြင်းကို အများက ခုခံကာကွယ်စပြုလာကြတော့သည်။ ရလဒ်မှာ အသင်းတော်တခုလုံးသည် ရှုတ်ထွေးခြင်း၊ ငြင်းခုံခြင်း၊ အုပ်စုဖွဲ့ခြင်း၊ ခါးခါးသီးသီးဖြစ်လာခြင်းတို့ဖြင့် ကွဲပြားလာပါတော့သည်။ ထိုသို့သောအငြင်းပွားမှုသည် အလက်ဇန်းဒရီးယားမြို့တော်သို့လည်းရောက်လာပါသည်။ ထိုမြို့၏သင်းအုပ် အလက်ဇန်းဒါးနှင့်သူ၏လုပ်ပေါ်ဆောင်ဖက် သင်းအုပ်များက အေးရီးယပ်စ်၏အမြင်၏ ဆိုးညစ်မှုများကို တွေ့မြင်ခဲ့ကြပါသည်။ ထို့ကြောင့် သူတို့လုပ်နိုင်သမျှအစွမ်းကုန်ဖြင့် ထိုသွန်သင်ခြင်းအမှားကို တိုက်ပွဲဝင်ရန် ဆုံးဖြတ်ကြပါသည်။ သင်းအုပ်အလက်ဇန်းဒါး၏ အတွင်းရေးမှူးနှင့်သင်းထောက်လူကြီး အာသန်နေးစီးယပ်စ်သည် ဤခန်းနားသောအကြောင်းကိစ္စ၌ အကူအညီပေးမည့် ဘုရားသခင်၏လူ ဖြစ်ပါသည်။

ထိုအချိန်တွင် ရောမအင်ပါယာပြည့်ရှင်မှာ ကွန်စတန်တင် ဖြစ်သည်။ သူသည် ခရစ်ယာန်ဘာသာကို လက်ခံ ထောက်ပံ့ကာ ၎င်းအား အင်ပါယာ၏ဘာသာအဖြစ်ပြုလုပ်လျှက် အဖက်ဖက်မှယိုယွင်းစပြုနေပြီဖြစ်သော အင်ပါယာကြီးကို ရှင်သန်ခြင်းအသစ်၊ ညီညွတ်ခြင်းအသစ် ပေးမည်ဟု တွေးနေချိန်ဖြစ်သည်။ ထိုသို့တွေးနေချိန် သူသဘောအကျဆုံးမျှော်လင့်ချက်ကို အသင်းတော်တွင်းပြဿနာက အစိတ်စိတ်အမွှာမွှာ ဖြိုကွဲစေတော့မည်ဟု တွေ့မြင်လေသည်။ ထို့ကြောင့် ထိုပြဿနာအား ပြေငြိမ်းစေရန် အသင်းတော်အားလုံးပါဝင်သော အီခယူမနီကယ်အထွေထွေညီလာခံကြီးကျင်းပဖို့ ဆုံးဖြတ်ပါသည်။ ထိုညီလာခံကြီးသို့ အင်ပါယာတခွင်လုံးမှ အသင်းတော်များ၏ကိုယ်စားလှယ်များ ပြည့်စုံစွာ တက်ရောက်ကြရန်ဖြစ်သည်။

**ကြီးမားသောညီလာခံကြီး**

ထိုညီလာခံကြီးသည် ကျော်ကြားကာ၊ အမွန်အမြတ်ထားကြသော နိုင်စီးယားညီလာခံကြီး(Council of Nicea)ပင်ဖြစ်ပါသည်။ အေဒီ ၃၂၅ တွင်ကျင်းပသည်၊ ညီလာခံ၏ဆုံးဖြတ်ချက်များကို နိုင်စင်းခံယူယုံကြည်ချက်(Nicene Creed)တွင် ထည့်ရေးထားခဲ့ကြပါသည်။

ထိုညီလာခံကြီးကို အာရှမိုင်းနားဒေသ၏ အနောက်မြောက်ဖက်ရှိ နိုင်စီးယားမြို့တော်တွင် ကျင်းပသည်၊ ထိုမြို့သည် ဘော့စပေါရပ်စ်ရေလက်ကြား(Bosporus)အနီးတွင်ရှိပါသည်(ယနေ့ခေတ် တူရကီနိုင်ငံတွင်ရှိသည်၊ ယနေ့ခေတ်တွင် အီစတန်ဘူလ်ရေလက်ကြားဟုခေါ်ပါသည်။ အာရှတိုက်နှင့်ဥရောပတိုက်ကိုခြားထားသော ရေလက်ကြားကလေးဖြစ်သည်။ ဘာသာပြန်သူ)။

အင်ပါယာအရှေ့ပိုင်းတခွင်ရှိ အသင်းတော်များမှ သင်းအုပ် ၂၅၀ ခန့်တက်ရောက်ကြပါသည်။ အင်ပါယာပြည့်ရှင်ကြီးကိုယ်တိုင်လည်း တက်ရောက်ပါသည်။ အင်ပါယာအနောက်ပိုင်းအသင်းတော်များမှ ကိုယ်စားလှယ်များကို စေလွှတ်ကြပါသည်။ သူတို့ကို ရောမမြို့ အသင်းတော် သင်းအုပ်က စေလွှတ်ပါသည်။ သင်းအုပ်အလက်ဇန်းဒါးနှင့် သူ၏ အတွင်းရေးမှုးငယ် အာသန်နေးစီးယပ်စ်တို့လည်း တက်ရောက်ကြသည်။ ညီလာခံသို့တက်ရောက်ကြသော သင်းအုပ်အများ၏ ကိုယ်ခန္ဓာများပေါ်တွင် အင်ပါယာပြည့်ရှင် ဒိုင်အိုက လေးရှန်း(Diocletian AD 244 - 311)လက်ထက် ညှင်းပန်းနှိပ်စက်မှုများကြောင့် ရခဲ့ကြသော ဒါဏ်ရာများ၏အမာရွတ်များ ကျန်ရှိ နေကြဆဲဖြစ်ပါသည်။ ထိုညှင်းပန်းနှိပ်စက်ခြင်း ပြီးသည်မှာ (၁၀)နှစ်ခန့်မျှသာ ရှိပါသေးသည်။

ညီလာခံသည် အကြမ်းအားဖြင့် အုပ်စု သုံးအုပ်စုသို့ ကွဲသွားပါသည်။ အေးရီးယပ်စ်ကို ထောက်ခံမည်၊ သူ၏သွန်သင်ခြင်းကိုအသင်းတော်၌တည်မြဲစေမည်ဟု ဆုံးဖြတ်ကြသူများက တစု၊ နောက်တစုမှာ အမှန်တရားကိုလက်ခံသောအုပ်စု၊ ထိုအုပ်စု၌ အလက်ဇန်းဒါးနှင့် အာသန်နေးစီးယပ်စ်တို့ပါဝင်ကြသည်၊ အသေးဆုံးအုပ်စုကလေးဖြစ်သည်၊ လူဦးရေ (၂၀)သာရှိသည်၊ သူတို့သည် ခရစ်တော်၏ဘုရားဖြစ်တော်မူခြင်းအမှန်တရားကို ရှည်ကြာစွာ၊ ခက်ခဲစွာ ခုခံကာကွယ်ကြဖို့ အသင့်ပြင်ကြပြီဖြစ်သည်။ အကြီးဆုံး အုပ်စုကြီးမှာ ထိုအဖွဲ့နှစ်ဖွဲ့ကြား မည်သည့်နေရာတွင် ပါရမည်ကို မသိကြသော ယောင်ဝါးဝါးလူများဖြစ်ကြသည်။

အမှန်တရားကိုလက်ခံသောအုပ်စုမှာ အပြတ်အသတ်ပင် အခြားသောအုပ်စုများထက် သာလွန်ကြပါသည်၊ သူတို့၏ အမှန်တရားကို ခုခံကာကွယ်ပုံမှာ တည်တည်ငြိမ်ငြိမ်ရှိလှသလို၊ ကျမ်းစာနှင့်လည်း အလွန်ညီညွတ်ပါသည်။ ထို့သို့ဖြင့် နောက်ဆုံးတွင် သူတို့သည် အများစုကြီးက အမှန်တရားကိုလက်ခံလာနိုင်ကြအောင် ပြောပြနိုင်ခဲ့ကြသည်။ “ခရစ်တော်သည် ဘုရားသခင်အစစ်အမှန်ဖြစ်သည်၊ မွေးဖွားခြင်းဖြစ်သည်၊ ဖန်ဆင်းခြင်းဖြင့် ဖြစ်လာသူမဟုတ်၊ ခမည်းတော်ဘုရားနှင့်တခုတည်းသောအခြေခံအနှစ်သာရတွင် ရှိနေသူဖြစ်သည်”ဆိုသောအမှန်တရားက နောက်ဆုံးအနိုင်ရပါသည်။ ထိုခံယူယုံကြည်ချက်ကို ရေးဆွဲရာတွင် အာသန်းနေးစီးယပ်စ်က ဦးဆောင်သူနေရာမှ ပါဝင်ပါသည်။ ညီလာခံလူအများထဲမှ ခရစ်တော်၏ဘုရားဖြစ်တော်မူခြင်း အမှန်တရားကို အပိုင်နိုင်ဆုံး ခုခံကာကွယ်သူအဖြစ် ပေါ်ထွက်လာပါသည်။ သူ့ကို အများက “စိတ်အားထက်သန်ခြင်း၊ ညာဏ်ပညာနှင့်ပြည့်စုံခြင်း၊ အပြောအဟောကောင်းခြင်း”တို့၌ သူမတူအောင်ထူးချွန်လှသူဟု အသိအမှတ်ပြုကြရပါသည်။

ညီလာခံကြီး၏ဆုံးဖြတ်မှုက ပြဿနာကို ငြိမ်သွားစေမည်၊ အမှန်တရားကို ပေါ်ထုတ်လိုက်ပြီ၊ ထို့ကြောင့် အေးရီးယပ်စ် ပြစ်ဒါဏ်ပေးခြင်းခံရပြီ၊ သူ၏ရပ်တည်ချက်ကို ကျိန်ခြင်းအမင်္ဂလာခံယူချက်ဟု သတ်မှတ်ကြမည်၊ ထိုသို့သင်တွေးနေပါလိမ့်မည်။ သို့သော် တကယ့်အဖြစ်မှာ တခြားစီဖြစ်သည်။ အငြင်းပွားခြင်းသည် အသင်းတော်ထဲတွင် ရပ်ဆိုင်းမသွားဘဲ ဆက်လက်ပြင်းထန်နေပါသည်။ အမှန်ပြောရလျှင် ပို၍ပင် ခါးသီးလာကြသည်၊ အငြိုးတကြီးဖြစ်လာကြသည်၊ ပို၍ကွဲပြားလှကြသည်မှာ နောက်ဆုံးတွင် အစိတ်စိတ်အမွှာမွှာ ဖြစ်သွားသည်အထိဖြစ်သည်။ ယေဘုယျပြောရလျှင် အေးရီးယပ်စ်သွန်သင်မှုက သိပ်မလွှမ်းမိုးနိုင်တော့ပါ။ သို့သော် သူ၏သွန်သင်ချက်အတိုင်းဖြစ်သော်လည်း အနည်းငယ်ကွဲပြားသောအုပ်စုတခု စတင်ပေါ်လာပြန်ပါသည်၊ ထိုအုပ်စုက ခရစ်တော်သည် ဘုရားစစ်စစ်ဖြစ်ပါသည်၊ သို့သော် သူသည် ဘုရားသခင်နှင့် “တူသယောင်အနှစ်သာရ”(like essence)ရှိသူသာဖြစ်သည်၊ “တထပ်တည်းသောအနှစ်သာရ”(same essence)ရှိသူမဟုတ်ဟု သွန်သင်ကြပြန်ပါသည်။ ထိုခြားနားမှုကို အရေးကြီးသောစကားလုံး နှစ်လုံးဖြင့် ပြောကြသည်။ မှန်သောအုပ်စုက ခရစ်တော်သည် “ဟိုမိုအူးစီယောစ်”(humo-ousios, of the same essence) ခမည်းတော်နှင့်“တထပ်တည်းသောအနှစ်သာရ”ရှိသည်ဆိုသောအမှန်တရားကို ကိုင်ခဲ့ကြသည်။ နောက်မှားယွင်းသော “တစိတ်တပိုင်းအေရီယန်”(semi Arian)အုပ်စုက၊ ထိုသို့ပင်ခေါ်ခဲ့ကြသည်၊ ခရစ်တော်သည် “ဟိုမွိုင်အူးစီယောစ်”(homoi-ousios, similar essence) ခမည်းတော်နှင့် “တူသယောင်အနှစ်သာရ”သာရှိသည် ဆိုသောအိုင်ဒီယာကို လက်ခံကြသည်။ ကျွန်တော်သည် ယနေ့ခေတ်လူများက ဆံပင်တချောင်းကို နှစ်ခြမ်းခွဲသလို အငြင်းပွားနေကြခြင်းသာဖြစ်သည်ဟု ဩဝါဒအငြင်းပွားမှုများ အသင်းတော်ထဲ ပေါ်လာလျှင် စိတ်ဆိုးစွာပြောတတ်ကြခြင်းအပေါ် ပြုံးရယ်မိတတ်ပါသည်။ တကယ်တမ်းတွင် အလွန်အရေးကြီးသော အမှန်တရားများအတွက် ငြင်းခုံနေကြခြင်းဖြစ်ပါသည်။ ယခုအငြင်းပွားမှုကိုကြည့်ပါက ခရစ်တော်၏ဘုရားသခင်ဖြစ်ခြင်းအမှန်တရားသည် ထိုအငြင်းပွားမှု၌ တိုက်ရိုက်ပတ်သက်နေပါသည်။ သို့သော် ပြဿနာဖြစ်ကြသောစကားလုံးလေးမှာ အင်္ဂလိပ်ဘာသာ၌ “အိုင်”(ႅ)နှင့်တူသောစကားလုံးငယ်ကလေးအပေါ်ဖြစ်ပါသည်။ သေးပင်သေးသော်ငြား အလွန်အရေးပါသော စကားလုံးလေးဖြစ်သည်။

**အမှန်တရားအတွက် သူခံစားခဲ့ရသည်များ**

ဤရှုပ်ထွေးမှု၊ အသင်းတော်တွင်းပရမ်းပတာဖြစ်မှုများကြားတွင် အာသန်နေးစီးယပ်စ်၏အလင်းရောင်သည် တောက်ပနေခဲ့ခြင်းဖြစ်ပါသည်။ အေဒီ ၃၂၈၊ သင်းအုပ် အလက်ဇန်းဒါးကွယ်လွန်သောအခါ၊ သူသည် အလက်ဇန်ဒရီးယားမြို့အသင်းတော်၏ သင်းအုပ်ဖြစ်လာပါသည်။ တကမ္ဘာလုံးနီးပါးက အေရီယန်သွန်သင်ခြင်းအမှားနောက်သို့ လိုက်နေကြချိန်တွင် သူတဦးတည်းသာ ကျောက်ဆောင်သဖွယ် ကျမ်းစာ၏အမှန်တရားနှင့်နိုင်စင်းခံယူယုံကြည်ချက်အတွက် မားမားမတ်မတ်ရပ်တည်ခဲ့ပါသည်။

ထိုသို့ပြုခြင်းသည် မိမိကိုယ်ကို ပြဿနာပေးခြင်းဖြစ်လာပါသည်၊ သူသည် ငါးကြိမ်မက အသင်းတော်မှ နှင်ထုတ်ခံခဲ့ရသည်။ အလက်ဇန်းဒရီးယားအသင်းတော်၏ သင်းအုပ်အဖြစ် နှစ်ပေါင်း (၄၆)နှစ်အမှုတော်ဆောင်ခြင်းတွင်၊ နှစ်ပေါင်း(၂၀) နယ်နှင်ဒါဏ်ပေးခံရခြင်းထဲ၌ နေခဲ့ရပါသည်။

သူ၏နယ်နှင်ခံရခြင်းသည် တိုင်ရာနှင့်ကွန်စတန်တင်နိုပယ်ညီလာခံကြီးက သူ့အားပြစ်ဒါဏ်ကျခံစေခြင်းနှင့် စတင်ပါသည်။ သူ့ကို ဂေါလ်နယ်၊ ထရဲဗ်စ်ဟုခေါ်သော နယ်စွန်နယ်ဖြားသို့ ပို့ခြင်းဖြစ်သည်၊ ယနေ့ခေတ် ပြင်သစ်နိုင်ငံဖြစ်ပါသည်။ အင်ပါယာ၏

နယ်နိမိတ်အဆုံးသို့ဖြစ်သည်၊ ထိုသို့ဖြင့် သူ့ရန်သူများက၊ သူတို့ကို အာသန်နေးစီးယပ်စ်က ဒုက္ခမပေးနိုင်တော့ဘဲဖြစ်မည်ဟု ပို့ခဲ့ကြခြင်းဖြစ်သည်။ သူ့ကို အင်ပါယာပြည့်ရှင်ကေရှရ်ကြီးကိုယ်တိုင်က နှင့်ထုတ်ခြင်းဖြစ်သည်၊ နှင်ထုတ်ရခြင်းမှာ အေရီယန်ဝါဒီများကို သခင်ဘုရား၏ ညစာစားပွဲမင်္ဂလာသို့ ပါဝင်ခွင့် မပြုခြင်းကြောင့်ဖြစ်သည်။ သူ့ကို ငြိမ်းချမ်းရေးအားဖျက်ဆီးသူ၊ အစွဲရေးအကြား ပြဿနာတက်စေသူဟု စွပ်စွဲခဲ့ကြပါသည်။ အမှန်ပြောရလျှင် သူ့ရန်သူများ၏ မုန်းတီးခြင်းက ပြင်းထန်လွန်းလှသဖြင့်၊ သူ့ကို လူသတ်မှု၊ လိင်မှုကိစ္စဖေါက်ပြန်မှုတို့ဖြင့်လည်း စွပ်စွဲခဲ့ကြပါသည်။ လူသတ်မှုအတွက် သူသတ်ပါသည်ဆိုသောသူကို ညီလာခံသို့ခေါ်လာပြခြင်းဖြင့် သူ၏အပြစ်ကင်းစင်ကြောင်းကို ပြသခဲ့ပါသည်။ ခဏတဖြုတ်တော့ သူ့ရန်သူများ ဆွံ့အသွားခဲ့ကြသည်၊ သို့သော် သူတို့၏ခါးသီးသောထိုးနှက်ခြင်းများကို ဆက်လုပ်ကြပါသည်။ နောက်ဆုံး သူသည်သူချစ်လှသောအသင်းတော်မှ ခွဲထုတ်ပစ်လိုက်ခြင်းကို ခံရပါတော့သည်။

အမှန်တရားအုပ်စု၏ ကံကြမ္မာသည် အင်ပါယာပြည့်ရှင်အသစ်လက်ထက်တွင် ကောင်းလာလိုက်၊ ဆိုးသွားလိုက်နှင့် ဖြစ်နေခဲ့သည်။ အင်ပါယာပြည့်ရှင်အသစ် နန်းတက်သောအခါ၊ အေဒီ ၃၃၈ တွင် အာသန်နေးစီးယပ်စ်ကို နယ်နှင်ခံရသောအရပ်မှ ပြန်ခေါ်လိုက်ပါသည်။ သူ့ရန်သူများမှာ သူ့အပေါ် ပြင်းထန်းဆဲ၊ ခါးသီးဆဲပင် ရှိနေကြပါသေးသည်။ ထို့ကြောင့် နောက်တနှစ်တွင် သူ ပြန်၍နယ်နှင်ခံရပါသည်။ ဤအကြိမ်တွင် သူသည် ရောမမြို့သို့ ထွက်ပြေးခဲ့သည်။ ရောမမြို့တော်သင်းအုပ် ဂျူးလီးယပ်စ်ထံတွင် ခိုနားခွင့်ရရန်ဖြစ်သည်။ အနောက်ဖက်အသင်းတော်များသည် အရှေ့ဖက်ထက် အမှန်တရားကိုပို၍ လက်ခံကြပါသည်။ ထိုနေရာတွင် အာသန်နေးစီးယပ်စ်သည် သူ့အမြင်ကို စာနာသောပရိတ်သတ်အား တွေ့ခဲ့ရပါသည်။ ထိုနယ်နှင်ခံရချိန်များကို သူသည် အနောက်ဖက်အသင်းတော်များက အမှန်တရားကို ယုံကြည်ခွဲကိုင်ကြရန် လှုံ့ဆော်စည်းရုံးခြင်းဖြင့် ကုန်လွန်စေခဲ့ပါသည်။

အေဒီ ၃၄၆ တွင် သူ့ကို နယ်နှင်ရာမှ ပြန်ခေါ်ကြသည်။ သို့သော် မကြာသောအချိန်တွင် အသင်းတော်၌သူ၏အမှုတော်ဆောင်နေခြင်းကို နှောက်ယှက်ကြပြန်သည်။ သူ့ကိုပြန်ခေါ်ပြီး (၁၀)နှစ်ကြာသောအခါ၊ အင်ပါယာပြည့်ရှင်အသစ် နန်းတက်သည်၊ သူက အေရီယန်အုပ်စုကို လက်ခံဖို့ ပြင်ဆင်သောအခါ၊ အာသန်နေးစီးယပ်စ်၏ရန်သူများ သူတို့၏ဆန့်ကျင်သူကို အပြတ်ရှင်းဖို့ အခွင့်အရေး ရကြပြန်ပါသည်။ အေဒီ ၃၅၆၊ အာသန်နေးစီးယပ်စ် သူ၏အသင်းတော်တွင် တရားဟောနေစဉ်၊ အသင်းတော်အဆောက်အဦးကို လက်နက်အပြည့်တပ်ဆင်ထားသော စစ်သား(၅၀၀၀)က လာဝိုင်းပါသည်။ တည်ငြိမ်စွာ သူသည် ဆာလံ ၁၃၆ ကို အသင်းသူ/သားများထံ ဖတ်ပြကာ၊ တလှည့်စီဖတ်ဖို့ စေခိုင်းလိုက်ပါသည်။ အတော်စိတ်လှုပ်ရှားစရာကောင်းသော အခိုက်အတန့်ဖြစ်သည်။ သူက “အိုး ဘုရားသခင်ထံ ကျေးဇူးတင်ကြလော့၊ အဘယ့်ကြောင့်ဆိုသော် သူသည် ကောင်းမြတ်တော်မူသည်၊”ဟု ဖတ်သောအခါ၊ အသင်းသူ/သားများက “အဘယ့်ကြောင့်ဆိုသော် သူ၏ဂရုဏာသည် အစဉ်အမြဲတည်တံ့တော်မူသည်”ဟု တုန့်ပြန်ကြပါသည်။

ဤအကြိမ်တွင်တော့ သူသည် သဲကန္တာရထဲရှိ ဘုန်းကြီးများနှင့် သွားနေပါသည်။ သူတို့သည် အသင်းတော်မှထွက်သွားကြကာ မိမိတို့၏ထူးခြားသောနည်းလမ်းများဖြင့် ဘုရားသခင်အားတွေ့ရန် ကြိုးစားကြသူများဖြစ်ကြသည်။ သဲကန္တာရထဲနေစဉ်အချိန်များကို စာရေးခြင်းဖြင့်ကုန်လွန်စေပါသည်။ သူရေးသောစာများမှာ ခရစ်တော်သည် ဘုရားသခင်ဖြစ်သည်ဆိုသည့် ကြီးမြတ်သောအမှန်တရားကို ခုခံကာကွယ်ခြင်းများဖြစ်ပါသည်။ အေရီယန်ဝါဒီတို့သည် ထူးဆန်းသောဘုရားများကို ကိုးကွယ်သူများသာဖြစ်ကြသည်၊ ရုပ်တုကိုးကွယ်သူများနှင့် ဘာမှခြားနားကြသူများမဟုတ်ပါ ဆိုသည့်အကြောင်းများကိုဖြစ်သည်။

အေဒီ ၃၆၂ တွင် သူ့အသင်းသူ/သားများက သူ့ကို တခါပြန်ခေါ်ကြပါသည်။ သို့သော် မကြာပါ သူ၏ အေရီယန်ဝါဒီများကို ဆန့်ကျင်မှုကြောင့် စပ်ဖျဉ်းဖျဉ်းခံရသူများက သူ့ကိုမောင်းထုတ်ကြပြန်ပါသည်။ ငိုကြွေးနေသောသူ့အသင်းတော်ကို စွန့်ခွာရပြန်ပါသည်။ ထွက်ခွာချိန်တွင် သူတို့ကို ဤသို့ နှစ်သိမ့်စကားပြောခဲ့ပါသည်၊ “စိတ်မပျက်ကြနှင့် ဝမ်းသာကြ၊ ယခုဖြစ်နေသည်များသည် မိုးတိမ်နှင့်တူသည်၊ မကြာခင်ရွေ့သွားလိမ့်မည်။” သူ့ရန်သူများက ကြေးစားလူသတ်သမားများငှား၍ သူ့အားလုပ်ကြံခြင်းကိုလည်း နိုင်းမြစ်ထဲသွားနေစဉ် အင်ပါယာသင်္ဘောပေါ်၌ လွတ်မြောက်ပြန်ပါသည်။ ထို့နောက် သဲကန္တာရထဲတခါ ခိုလှုံခဲ့ပြန်ပါသည်။

တကြိမ်တော့ သူပြန်လာနိုင်ပါသေးသည်။ ဤနောက်ဆုံးအကြိမ်တွင်တော့ သူသည် သူ့ဖခင်၏ဂူထဲတွင် လေးလတိတိ ခိုလှုံနိုင်ခဲ့ပါသည်။ ဤအကြိမ်တွင်တော့ သူသည် အိုမင်းလှပြီဖြစ်သည်။ သူ၏နောက်ဆုံးသောနှစ်များကို သူချစ်ရသောသိုးစုနှင့် အတူတူအသုံးပြုချင်ပါသည်။ ဘုရားသခင်က သူ့ဆုတောင်းကို အဖြေပေးပါသည်။ သူသည် ပြန်လာခွင့်ရကာ၊ သူ ကြာရှည်စွာ သစ္စာရှိစွာ အမှုတော်ဆောင်သော အသင်းတော်၌ သူ၏နောက်ဆုံးအချိန် အနည်းငယ်ကလေးကို သုံးခွင့်ရပါသည်။ သူသည် အလက်ဇန်းဒရီးယားမြို့တွင် မေလ ၂ ရက် (သို့) ၃ ရက်နေ့၊ အေဒီ ၃၇၃ တွင် ကွယ်လွန်ခဲ့ပါသည်။

### သူ၏ထူးခြားသောလက္ခဏာ

ထူးခြားလှသော ဘုရားသခင့်အစေခံကြီးသည် အခက်အခဲမျိုးစုံကို ခံစားခဲ့ရပါသည်။ သူ့လောက် ခံစားဖို့ ဘုရားသခင်၏ တာဝန်ပေးခြင်းခံရသူ အနည်းငယ်သာရှိပါသည်။ သို့သော် သူ ဘယ်လောက်အခက်အခဲများကို ခံစားရသည်ဖြစ်စေ၊ ခရစ်တော်၏ ဘုရားဖြစ်ခြင်းအမှန်တရားအပေါ် ခုခံကာကွယ်ခြင်းမှ တကြိမ်တခါလေးပင် လမ်းလွဲမရောက်ခဲ့ဖူးပါ။ သူသည် အရပ်အမောင်းသေးယ်သူဖြစ်သည်၊ လက်ပြင်က ခပ်ကိုင်းကိုင်းဖြစ်သည်။ ဒုက္ခမြောက်များစွာခံရခြင်းနှင့် အစာရှောင်ဆုတောင်းခြင်းတို့ကြောင့် ပိန်ချုံးချည့်နဲ့သောသဏ္ဍာန်ရှိသည်။ သို့သော် မျက်နှာထား တည်ကြည်ချောမောသည်၊ လူတဖက်သားကိုထွင်းဖေါက်နိုင်သည့် စူးရှသောအကြည့်ကို ပိုင်ဆိုင်သည်။ ကြီးသောတန်ခိုးဩဇာသည် သူနှင့်အတူရှိနေသည်။ သူအသက်ကြီးသောအခါ အမှန်တရားအ တွက်တိုက်ပွဲအဆက်မပြတ်ဝင်ခဲ့ခြင်းကြောင့်၊ အသင်းတော်ကို ဂရုစိုက်လွန်းသောကြောင့် တနေ့တခြား မောပန်းနွမ်းနယ်လာသော် လည်း သူ၏ရပ်တည်ချက်မှနေ၍ ဘယ်တော့မှ မယိမ်းယိုင်ခဲ့ပါ။ ထို့အတူ သူ၏ရပ်တည်ချက်က နောက်ဆုံးတွင် အမှန်တရားဖြစ် ကြောင်း

ကြီးကျယ်သောကွန်စတန်တင်နိုပယ်ညီလာခံကြီး(great Council of Constantinople)တွင် အေဒီ ၃၈၁ ၌ သက်သေထူအောင်ပွဲခံမည်ဖြစ်ကြောင်းကိုလည်း မတွေ့မြင်ခဲ့ပါ။ ထို အေဒီ ၃၈၁ ကွန်စတန်တင်နိုပယ်ခံယူယုံကြည်ချက်သည် နိုင်စင်းခံယူယုံကြည်ချက်ကို မှန်ကန်ကြောင်း ပြန်လည်အတည်ပြုခြင်း ဖြစ်ပါသည်။

အာသန်နေးစီးယပ်စ်၏ အမှန်တရားကိုချစ်မြတ်နိုးခြင်းသည်၊ စိတ်ကူးယဉ်အတွေးအခေါ်ဩဝါဒကို မည်ကာမတ္တချစ်ခြင်း မဟုတ်ပါ။ သူသည် သူ၏ခံယူချက်ကို ထိန်းသိမ်းစောင့်ရှောက်ရမည်ဟု ရည်ရွယ်ခဲ့ရခြင်းမှာ၊ အသင်းတော်၏ကယ်တင်ခြင်းသည် ခရစ်တော်၏အစစ်အမှန်ဘုရားဖြစ်ခြင်းဩဝါဒအပေါ်တွင် တည်မှီနေကြောင်းကို ယုံကြည်သောကြောင့်ဖြစ်ပါသည်။ သူမျှော်လင့်ထားသလို၊ ခရစ်တော်၏ဘုရားဖြစ်ခြင်းအမှန်တရားသည် ကယ်တင်ခြင်းအတွက် မရှိမဖြစ် လိုအပ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် ထိုမဖြစ်နိုင်သောကိစ္စကို ဘုရားသခင်ကသာ လုပ်ဆောင်ရန် တတ်နိုင်ပါသည်။ တနည်းအားဖြင့်ပြောရလျှင်၊ ကျွန်တော်တို့ကဲ့သို့သောသနားစရာကောင်းသည့် အပြစ်သားများကို ဘုရားသခင်ကသာ ကယ်တင်နိုင်ပါသည်။

အာသန်နေးစီးယပ်စ်၏ ဒုက္ခများနှင့်ပြည့်သောဘဝကို အခြားသော မှတ်သားလောက်သည့် ပြီးမြောက်စေခြင်းတခုက ဂုဏ်ပြုနေပါသည်။ ၎င်းမှာ အေဒီ ၃၆၇ တွင် ခဏတဖြုတ် ငြိမ်းချမ်းစွာ သူ့အသင်းတော်၌ နေထိုင်ခဲ့ရသည်၊ ထိုအချိန်တွင် သူသည် အသင်းတော်များသို့ စာများကို ရေးပို့ခဲ့ပါသည်။ ထိုခေတ်အသင်းတော်များသည်၊ ယနေ့ခေတ် ကျွန်တော်တို့အသင်းတော်များကဲ့သို့ ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းနေ့ကို မတ်လနောက်ဆုံးပတ် တနင်္ဂနွေနေ့တွင် ကျင်းပခဲ့ကြပါသည်။ ထိုနေ့ကို သတ်မှတ်ပေးဖို့တာဝန်ကို အလက်ဇန်းဒရီးယားမြို့တော်မှ သင်းအုပ်ကို တာဝန်ပေးလေ့ရှိကြသည်၊ နှစ်စဉ် မည်သည့်နေ့သည် အတိအကျဖြစ်သည်ကို အသင်းတော်များသို့ ပြောကြားပေးဖို့ဖြစ်သည်။ ထိုသို့ကျင့်သုံးခဲ့ကြရခြင်းမှာ အလက်ဇန်းဒရီးယားမြို့တော်တွင် အတော်ဆုံး နက္ခတ္တဗေဒပညာရှင်များ ရှိကြသဖြင့်ဖြစ်ပါသည်။ အလင်ဇန်းဒရီယားမြို့တော်၏ သင်းအုပ်အဆက်ဆက်ကလည်း ထိုအချိန်သ တင်းပို့ရခြင်းကို အသင်းတော်များထံ သင်းအုပ်ဆရာရှုထောင့်စာစောင်များရေးသားခြင်းဖြင့် ထမ်းဆောင်ကြပါသည်။ ထိုတာဝန်သည် အေဒီ ၃၆၇ တွင် အာသန်နေးစီးယပ်စ်ထံ ကျရောက်ပါသည်။ ထိုအခွင့်အရေးကိုအသုံးချကာ သူသည် အသင်းတော်များထံ မည်သည့်စာအုပ်များ ကျမ်းစာတွင်ပါဝင်ကြောင်းကို ရေးသားသွန်သင်ခဲ့ပါသည်။ အသင်းတော်၏ ယုံကြည်ခြင်းနှင့်အသက်ရှင်မှုကို ထိုစာအုပ်များဖြင့်သာ ကျင့်သုံးယုံကြည်ရမည်ဟု ပြောပြခဲ့ပါသည်။ အာသန်နေးစီးယပ်စ်၏စာများတွင် ယနေ့ ကျွန်တော်တို့၏ကျမ်းစာများတွင်ပါဝင်သော ၆၆ အုပ်တိတိကိုသာ ကျမ်းစာအဖြစ်ဖေါ်ပြပါသည်၊ ရိုမန်ကက်သလစ်များက ကျမ်းစာဟုပြောကြသော ကျမ်းပယ် ၁၄ ကျမ်း မပါဝင်သည်ကို တွေ့ရပါသည်။

အာသန်နေးစီးယပ်စ်သည် အခြားသောအကြောင်းအရာများကိုလည်း အမြောက်အများရေးသားခဲ့သည်။ သို့သော် ကျွန်တော်တို့သခင်၏ ဘုရားဖြစ်တော်မူခြင်းဆိုသည့် ကြီးမြတ်လှသောအမှန်တရားအား ခုခံကာကွယ်ခြင်းကို ဇောက်ချ ရေးသားခဲ့ပါသည်။ သူ၏များပြားလှသောစာအုပ်များကို ထပ်များစေသောစာတအုပ်မှာ ရှိသေကိုင်းရှိုင်းကြသောဘုန်းတော်ကြီး အန်တိုနီ၏အတ္တုပ္ပတ္တိဖြစ်ပါသည်။ ထိုစာအုပ်သည် ယနေ့တိုင်အောင် ဧကစာရီကျင့်သောဘဝနှင့်ပတ်သက်သည့် ဂန္တဝင်စာတအုပ်ဖြစ်ပါသည်။ အာသန်နေးစီးယပ်စ်ကိုယ်တိုင် ခြိုးခြံသောအကျင့်ကျင့်သူတဦးအဖြစ် နေထိုင်ခဲ့ပါသည်၊ သဲကန္တာရများအတွင်း ဘုရားသခင်နှင့်ပိုနီးရလေအောင်ဟု တသီးတသန့်နေထိုင်ကြသော ဘုန်းတော်ကြီးများက သူ့အပေါ် အတော်လေးလွှမ်းမိုးနိုင်ကြပါသည်။

အာသန်နေးစီးယပ်စ်သည် သူ၏ကြီးမြတ်ခြင်းကို “ဝေဒနာများခံစားခြင်း၊ ပြင်းထန်အားကြီးသောဩဝါဒအများများကို ရှည်ကြာစွာ၊ နှစ်ပေါင်းများစွာ ဆန့်ကျင်တိုက်ပွဲဝင်ခြင်း၊ အမှန်တရားအတွက် ရောမအင်ပါယာကြီး၏တရားခုံရုံးကိုပင် ဆန့်ကျင်ခြင်း၊” စသည်တို့ဖြင့် သက်သေပြသွားခဲ့ပါသည်။ သူနှင့်ပတ်သက်၍ပြောသော စကားပုံဖြစ်သည့် “အာသန်နေးစီးယပ်စ် ခွန်ထရာမန်ဒမ်း” (ကမ္ဘာကြီးကို ဆန့်ကျင်သူ)ဟူသော ဆိုစကားက သူ၏ “အကြောက်အရွံ့မဲ့ လွတ်လပ်မှု၊ မရွေ့ရှားနိုင်သောမြတ်နိုးမှုနှင့် ကျမ်းစာကိုချစ်မြတ်နိုးသူဖြစ်မှု”တို့ကို သေချာစွာဖေါ်ပြနေပါသည်။ “ခရစ်တော်၏ဘုရားဖြစ်တော်မူခြင်းအမှန်တရားကို သက်သေထူရန်သည် အာသန်နေးစီးယပ်စ်၏ စိတ်ထက်သန်ပြင်းပြမှုနှင့် တဘဝလုံးလုပ်သောအလုပ်ဖြစ်ပါသည်။ ထိုအမှန်တရားကို သူက ကြီးမားကျယ်ပြန့်လှသော ခရစ်ယာန်ယုံကြည်ခြင်း၏ အခြေခံအုတ်မြစ်ဟု မှန်ကန်စွာ မှတ်ယူခဲ့ပါသည်။ ထိုအမှန်တရားမရှိလျှင် ကယ်တင်ခြင်းမရှိနိုင်ပါဟု သူသိမြင်ခဲ့ပါသည်။ ထိုအမှန်တရားအတွက် သူသည် တဘဝလုံး၊ ခွန်အားရှိသမျှကို အသုံးပြုခဲ့ပါသည်။ ထိုအမှန်တရားအတွက် သူသည် ရာထူးမှအချခံရခြင်း၊ နှစ်ပေါင်းနှစ်ဆယ် နယ်နှင်ဒဏ်ခံရခြင်းတို့ကို ခံစားခဲ့ပါသည်။ ထိုအမှန်တရားအတွက် မည်သည့်အချိန်တွင်မဆို လိုအပ်ပါက သူ၏အသွေးများကို သွန်းဖို့လည်း ဝန်မလေးခဲ့ပါခြေ။ ထိုအမှန်တရားကို မှန်ကန်ကြောင်း သက်သေပြခဲ့သဖြင့် သူသည် လူမုန်းအများဆုံးသူဖြစ်ခဲ့သည်၊ လူချစ်လူခင်အများဆုံးလည်း ဖြစ်ခဲ့သည်၊ အမြဲတမ်း လေးစားခံရသည် (သို့) ကြောက်ရွံ့ခြင်းကို ခံရပါသည်။ ဘယ်တော့မှမယိမ်းယိုင်သော ခံယူယုံကြည်ချက်ဖြင့် သူ့ထံတွင် သူ့ဖက်မှ ဘုရားသခင်က ကာကွယ်ပေးမည်ဆိုသော အခွင့်အရေးကို ပိုင်ဆိုင်ပါသည်။ သူသည် အသင်းတော်အရေးနှင့်ပတ်သက်၍ အဆုံးသတ်ဆုံးဖြတ်ချက်များအတွက် အစိုးရအာဏာကို အကူအညီတောင်းဖို့ အမြဲတမ်းပင် လစ်လျူရှုသူဖြစ်သည်၊ ရောမအင်ပါယာ၏တရားခုံရုံးရှေ့သို့ သွားရောက်၍ မိမိကိုယ်ကို သိက္ခာကျမခံသူဖြစ်ပါသည်၊ သူ့ရန်သူများနှင့်ပြောင်းပြန်ဖြစ်ပါသည်၊ သူတို့ကမူ အမြဲတမ်း အစိုးရအာဏာကိုသာ အားကိုးကြပါသည်။

သူနှင့်ခေတ်ပြိုင်ဖြစ်သူ နာဇီယန်းနပ်စ်မြို့သား ဂရီဂိုရီ ဆိုသူက သူနှင့်ပတ်သက်၍ ယခုလိုပြောခဲ့ပါသည်၊– “သူသည် မိမိကိုယ်ကို ထိန်းချုပ်နိုင်လွန်းသူဖြစ်သဖြင့်၊ သူ၏အသက်ရှင်ပုံကပင် တရားဟောခြင်းများဖြစ်နေပါသည်။ သူသည် မုဆိုးမများထံတွင် ကာကွယ်စောင့်ရှောက်သူဖြစ်သည်၊ မိဘမရှိသူများအတွက် ဖခင်ဖြစ်သည်၊ ဆင်းရဲသူများအတွက် သူငယ်ချင်းဖြစ်သည်၊ သူစိမ်းများအတွက် ခိုလှုံရာဖြစ်သည်၊ ညီအကိုမောင်နှမများအတွက် အကိုကြီးဖြစ်သည်၊ ဖျားနာသူများအတွက် ဆရာဝန်ဖြစ်သည်၊ ကျန်းမာသူ

များအတွက် စောင့်ရှောက်ထိန်းသိမ်းပေးသူဖြစ်သည်၊ 'သူသည် အားလုံးသောလူများအတွက် အရာခပ်သိမ်းဖြစ်ဖြစ်လာသူဖြစ်ပါသည်၊ အားလုံးကို မရခဲ့လျှင်တောင်မှ အရဆုံးသူဖြစ်ပါသည်။'"

ဘုရားသခင်သည် သူ့အသင်းတော်အတွက် ယနေ့ချိန်တွင်လည်း ထိုသို့သောပုဂ္ဂိုလ်များကို ထွက်ပေါ်လာစေပါ။

(Portraits of Faithful Saints, Prof. Herman Hanko၏စာအုပ်မှ **ဘာသာပြန်ပါသည်**)

**<u>ဆင်ခြင်တွေးတောခြင်းကဏ္ဍ</u>**

## အမှောင်ထဲ၌ဝေဒနာကိုပြင်းစွာခံစားခြင်း

(Anguish in Darkness)

"အကျွန်ုပ်၏ဘုရား၊ အကျွန်ုပ်၏ဘုရား။ အဘယ်ကြောင့် အကျွန်ုပ်ကိုစွန့်ပစ်တော်မူသနည်း။ အကျွန်ုပ်ကိုမကယ်တင်ဘဲ အကျွန်ုပ်အော်ဟစ်သောစကား ကို နားမထောင်ဘဲ အဘယ်ကြောင့် အဝေးမှာနေတော်မူသတည်း။ အကျွန်ုပ်၏ဘုရား၊ နေ့အခါ၌ အကျွန်ုပ်အော်ဟစ်သော်လည်း၊ ကိုယ်တော်သည် နားမ ထောင်ပါ။ ညဉ့်အခါ၌အော်ဟစ်သော်လည်း သက်သာခြင်းသို့မရောက်ပါ။" **ဆာလံ ၂၂**

ဤဆာလံအကြောင်း တစ်စုံတစ်ခုရေးတော့မည်ဟု ပြင်ဆင်သည်နှင့် မြောက်များစွာသောအခက်အခဲများကို ကျွန်တော်တို့ ရင်ဆိုင်ရလေ့ရှိပါသည်။ အခက်အခဲများမှာ ပုံစံစုံနေပါသည်၊ အနက်ဖွင့်ခြင်းအရ၊ သမိုင်းအရ၊ သီချင်းလော်ဂျီအရ မျိုးစုံနေပါသည်။ ဤဆာလံအကြောင်းရေးသည်ထက် ဤဆာလံကိုပြောပြဖို့ ကြုံတွေ့ရသည့်အခက်အခဲများကို ဆောင်းပါးရှည်ကြီးတစ်ပုဒ်ရေးလျှင်ပင် ဖြစ်နိုင်ပါသည်။

ဤဆာလံအကြောင်း တစ်စုံတစ်ခုကို ရေးဖို့ ကြိုးစားလျှင်၊ သင်သည် သင့်ကိုယ်သင် ဤအကြောင်းအရာတို့ထဲ၌ ကန့်သတ်ထားပါလေ။ ဤဆာလံကိုရေးနေစဉ် ဒါဝိဒ် မည်သို့သောဒုက္ခဝေဒနာများကို ခံစားနေရပါသနည်း? ဥပမာ – "သူတို့သည် အကျွန်ုပ်၏ လက်နှင့်ခြေများကို ထိုးဖောက်ကြပါသည်"ဟု အော်ဟစ်ချိန်တွင် ဒါဝိဒ် ဘာဖြစ်နေခဲ့ပါသနည်း? (သို့) "သူတို့က အကျွန်ုပ်၏ဝတ်ရုံကို စားရေတံချ၍ ဝေငှကြသည်"ဟု ရေးသည့်အခါ ဘာဖြစ်နေခဲ့ပါသနည်း?

မှန်ပါသည်၊ ဤနေရာတွင် ကျွန်တော်တို့သည် မျိုးစုံသောအခက်အခဲများကို တွေ့ရပါမည်။

ဤဆာလံကို "အိုင်ဂျီလက် ရှာဟာ"ဟု ခေါင်းစဉ်တပ်ထားပါသည်။ ရေးသူသည် ဒါဝိဒ်ဖြစ်သည်။ "အိုင်ဂျီလက် ရှာဟာ" ၏အဓိပ္ပါယ်မှာ "မနက်ခင်း၏အနောက်ဖက်"ဟူ၍ဖြစ်သည်။ ဒါဝိဒ်က အတိုင်းအတာတစ်ခုအထိ၊ ခရစ်တော်က ပြည့်စုံစွာဖြင့် ခံစား ကြခြင်းကို ပေါ်ပြသောဆာလံဖြစ်သည်။ ရိုင်းစိုင်းသော၊ ဆိုးယုတ်သော သားရဲတိုင်းက သူ့ကို တောင်ကုန်းများပေါ်တွင် ဖမ်းဆီးကာ တစစီဆုတ်ဖြဲပစ်လိုက်ဖို့ ပျော်ရွှင်စွာလုပ်ကိုင်ကြမည် ဖြစ်ပါသည်။

ဤဆာလံကိုရေးသာချိန်တွင် ဒါဝိဒ်သည် ကြောက်လန့်စရာကောင်းသော ကျဉ်းထဲကျပ်ထဲ ကျရောက်နေချိန်ဖြစ်ပါမည်။ ထိုအချက်ကို ဤဆာလံ၌အသုံးပြုသော လှိုက်လှိုက်လှဲလှဲဆုတောင်းသံအားဖြင့် သိနိုင်ပါသည်။ စတင်သောကျမ်းပိုဒ်ကိုယ်၌က လုံးဝပစ်ပယ်ခြင်းခံနေရပုံကို အကျွန်ုပ်၏ဘုရား၊ အကျွန်ုပ်၏ဘုရားဟု နှစ်ကြိမ်ထပ်လျှက်ပေါ်ပြနေပါသည်။

ထိုအခြေအနေသည် မည်သည့်အခြေအနေဖြစ်ကြောင်းသိနိုင်ဖို့ ကျွန်တော်တို့ကို အမှောင်ထဲထားခဲ့သလို ခံစားရပါသည်။

ရှောလုဘုရင်ကြောင့် ထိုမျှအခြေအနေဆိုးဝါးခြင်းထဲ ရောက်နေပါသည်ဟု ပြောလျှင် ပိုလွန်ရာရောက်မည်မထင်ပါ။ ရှောလုသည် ဒါဝိဒ်၏အသက်ကိုယူဖို့ ကြိုးစားကြသောရန်သူများထဲတွင် အကြီးဆုံးဖြစ်ပါသည်။ ဒါဝိဒ်၏ရန်သူများထဲတွင် ဒါဝိဒ်ကို အမုန်းဆုံးမှာ ရှောလုဖြစ်ပါသည်။ ဒါဝိဒ်၏ဘဝအကြောင်း လေ့လာကြည့်သော် ရှောလုက သူ့ကိုသတ်ဖို့ လိုက်နေသည်မှာ တလပြီးတလ၊ တနှစ်ပြီးတနှစ်ကြာခဲ့သည်ကို သိရပါသည်။ ထွက်ပြေးနေမှုမှ အခိုက်အတန့်အနားရမှုကို ဒါဝိဒ်သည် အချို့သောတောင်တန်းများ၌၄င်း၊ ရှိမြောင်ထဲ၌၄င်း၊ (သို့) ဂူထဲ၌၄င်း ရတတ်ပါသည်။ ထိုအခါများတွင်လည်း သူ့ရန်သူတဦးဦးက ရှောလုထံ တိတ်တဆိတ်သွားရောက်ကာ၊ မြွေဆိပ်နှင့်တူသောသတင်းကို ထွေးထုတ်တတ်ပါသည်၊– "ဒါဝိဒ်သည် ငါတို့နယ်ရှိ တောင်တန်းများပေါ်တွင် ပုန်းနေသည်မဟုတ်ပါလော? ထိုအခါ ရှောလု၏စစ်တပ်သည် သူ့အားရှာဖွေဖို့ ထွက်လာကြပါသည်။ ဒါဝိဒ်သည် မနက်ခင်း ၏အနောက်ဖက်သို့ ရောက်နေသူပင်ဖြစ်ပါတော့သည်။

မည်သို့ပင်ဖြစ်ပါစေ၊ ဒါဝိဒ်သည် ရှောလုကို တကယ်ဒုက္ခပေးမည့်သူတော့မဟုတ်ပါ။ ရှောလုအပေါ် ဘာအမှားကိုမှမလုပ်ခဲ့ပါ။ ထို့မျှမကပါ၊ သူသည် ရှောလု၏အသက်ကိုပင် ကာကွယ်ပေးသူဖြစ်ပါသည်၊ နှစ်ကြိမ်တိတိ ရှောလုအသက်ကို သူ့လက်သို့အပ်နှံသော်လည်း ဘာမှမလုပ်ခဲ့ပါ။ ရှောလု၏ပုခုံးမှ သိုင်းကြိုးကိုချွတ်ယူကာ လက်ထဲတွင်ကိုင်မြှောက်လျှက်၊ "ငါ့ဖခင် ကြည့်ပါ၊ သင့်ကို နာကျင်စေဖို့ ငါ့တွင် ရည်ရွယ်ချက်မရှိဟု ပြောခဲ့ပါသည်။ ခဏတဖြုတ်တော့ ရှောလု၊ ထိုနတ်ဆိုး၊ ဘဝင်ကျသွားပါသည်။ ဆားနှင့်ငံနေသော မျက်ရည်တချို့ကို ဒါဝိဒ်၏လည်ပင်းပေါ်ကျစေလျှက် ဖက်ကာငိုကြွေးပါသည်။ သတိထားပါ၊ ဒါဝိဒ်၊ ထိုသို့ဖက် ခြင်းသည် မြွေတကောင်၏ဖက်ခြင်းကဲ့သို့ ခွဲကျိကျိဖြစ်နေပါမည်။ ထိုဖက်ခြင်းက ကျွန်တော့်ကို ယုဒ၏ သခင်! သခင်!ဟု ခေါ်လျှက် ခရစ်တော်အား ဖက်ခဲ့ခြင်းအား သတိရစေပါသည်။

သို့သော် ရှောလုကိုသာမကဘဲ သူနှင့်စိတ်တူကိုယ်တူ လူတသိုက်ကိုလည်း ဆာလံ ၂၂ တွင်တွေ့ရပါသည်။ ဖိလစ်စတိန်းလူများနှင့်အခြားရုပ်တုကိုးကွယ်သူများသည် ဘုရားသခင့်ဘိသိတ်ပေးခြင်းခံရသူ၏ ပတ်ပတ်လည်တွင် ဝိုင်းနေကြပါသည်။

သင် ထိုအရာအားလုံးကို တွေ့နေသော်လည်း၊ မေးခဲ့သောမေးခွန်း၏အဖြေကို မရသေးဘဲဖြစ်နေပါမည်၊– ဒါဝိဒ်အား ဘုရားသခင်က စွန့်ပစ်ခြင်းဆိုသည်က ဘာကိုဆိုလိုပါသနည်း?

နွားသိုးများ၊ ခြင်္သေ့များ၊ ခွေးများ(ဆိုးညစ်သူများ၊ လှောင်ပြောင်အထင်သေးသူများ၊ ရန်သူများ)ကြောင့် ဖြစ်ရသော ဒါဝိတ် ၏ပူပန်သောကသည်၊ ဘုရားသခင်၏ဆက်ဆံပြောဆိုခြင်း လိုအပ်နေသည်ကို ဩတ္တပ္ပစိတ်ထဲမှသိနေရသဖြင့် ပို၍မခံချိမခံသာ ဖြစ် နေရပါသည်။ သူအော်ဟစ်ခဲ့သော စကားလုံးများကိုကြည့်ရခြင်းဖြင့်၊ သူသည် ကယ်တင်ခြင်းကို ရှာနေခြင်းဖြစ်သည်ကိုသိနိုင်ပါ သည်၊ ဘုရားသခင်၏ နီးနီးကလေးတွင်ရှိနေခြင်း၊ ဝိညာဉ်၏ငြိမ်သက်မှုတို့ကို ရှာဖွေနေခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်၏ ဆက်ဆံပြောဆိုခြင်း၊ အဖြေပေးခြင်းနှင့် ငြိမ်းချမ်းခြင်းတို့သည် တိတ်ဆိတ်နေသဖြင့် ဖြစ်ပါသည်။

ကြည့်ရသည်မှာ ဘုရားသခင်သည် အဝေးတွင်ရှိနေသလိုဖြစ်နေပါသည်၊ ဝေးသမှ အတော့်ကိုဝေးနေသလိုဖြစ်သည်။

နေ့အခါ အော်ဟစ်ပါသည်၊ ညအခါ ကျယ်လောင်စွာဟစ်အော်ပါသည်။ သို့သော် ဘာမှမထူးပါ။ ဘုရားသခင်သည် သူ့ကိုယ်သူ ဒါဝိတ်ထံမှ အဝေးတွင်ရှိစေတော်မူသည်။

သူ့ရန်သူများက ထိုမနှစ်မြို့ဖွယ်အနေအထားကို ကောင်းစွာ သတိပြုမိကြပါသည်။ နားထောင်ကြည့်ပါ၊– သူ့ကို အထင်သေးစွာ ရယ်မောနေကြပါသည်။ ဒါဝိတ် ဘုရားသခင်ကို အားကိုးတယ်မဟုတ်လား? ဒါဆိုရင် ဘုရားက သူ့ကို ကူပါစေပေါ့၊ ဆိုလိုသည်မှာ အကယ်၍ ဘုရားသခင်က ဒါဝိတ်အား အမှန်သဘောကျသည်ဆိုလျှင်၊ ဤသို့ဖြစ်နိုင်မည်မဟုတ်၊ ထို့ကြောင့် ဘုရားက သူ့အား သဘောမကျပါ၊ ဒါဝိတ်၊ သင်၏ယေဟောဝါ အဘယ်အရပ်သို့ ရောက်နေသနည်း?

သူတို့သည် ဒါဝိတ်၏သောကဝေဒနာအပေါ် ဝမ်းမြောက်ဝမ်းသာဖြစ်နေကြသည်။

ဒါဝိတ်၏နှိပ်စက်ခံထားရသောရင်ဘတ်သို့ ရှုံက်ငိုသံတို့က တုန်ခါလျှက်ရှိနေစဉ်၊ သူသည် အတိတ်ကို ဆင်ခြင်တွေးတောမိပြန်ပါသည်။ ယာကုပ်၊ သူ၏ဖခင်သည်လည်း၊ ပူပန်သောကများ ရောက်ခဲ့ဖူးပါသည်။ သူသည်လည်း ပေနွေလအရပ်တွင် အော်ဟစ် ဆုတောင်းခဲ့ပါသည်။ ယာကုပ်သာမကပါ၊ တခါတရံ အာဗြဟံလည်း ထိုသို့ဖြစ်ခဲ့ပါသည်၊ ဒါဝိတ် မိမိဘာသာ တွေးတောကောက်ချက်ချမိလေသည်။ သူတို့သည်လည်း သူ၏ယေဟောဝါကိုသာ အားကိုးခဲ့ကြခြင်းဖြစ်သည်။ သို့သော် ဤနေရာတွင် ခြားနားမှု ရှိနေပါသည်။ အရင်အပတ်ကထဲက ငါ အော်ဟစ်ဆုတောင်းခဲ့သည်၊ ငါ၏ပူပန်သောကများကို ဘုရားသခင့်ထံ ဟစ်ကြွေးခဲ့သည်၊ သို့သော် ဘာအဖြေမှမရပါ။ သူတို့လည်း အားကိုးခဲ့ကြသည်၊ ယာကုပ်အဖြစ်၌ဆိုလျှင် ဘုရားသခင်၏ ကောင်းကင်တမန်ဆင်းသက်လာကာ၊ မနက်တွင် သူ့ကို ကောင်းချီးပေးပါသည်။ ဧသောအား တွေ့ရဲရန် အားပေးခဲ့ပါသည်။

သို့သော် ငါ့မှာကျတော့ ဘာမှဖြစ်မလာပါ၊ ငါသည် လူမဟုတ်တော့ပါ၊ ပိုးကောင် ဖြစ်နေပြီ။ ငါသည် မြေမှုန့်ပေါ်တွင်တွားသွားနေရပြီ။ သို့သော် ငါ့အတွက် နှစ်သိမ့်မှု ဘာမှမရှိ၊ တိတ်ဆိတ်မှုသာရှိနေပါသည်။ ဘုရားသခင်က ငါ့ကို မကြားပါ။

ငါသည် အဘယ်သူဖြစ်ပါသနည်း? ဒါဝိတ်မဟုတ်ပါလော? ဘုရားသခင် ချစ်ရသူ မဟုတ်ပါလော? ငါ့မိခင်သည် နှစ်လိုဖွယ်ကောင်းသော မောဘအမျိုးသမီးမဟုတ်ပါလော၊ သူ့အကြောင်းဖတ်ရတိုင်း ငါ့နှလုံးသားတို့ နွေးထွေးရသည်မဟုတ်ပါလော? ထိုနှစ်လိုဖွယ်ကောင်းခြင်းကို ငါသည် ငါ့အဖွား၊ ငါ့အမေတို့ထံမှ အမွေရခဲ့သည်မဟုတ်ပါလော? သူ့လက်များထဲမှကလေးငယ်သည်၊ အနာဂတ် အစ္စရေးတို့၏ရှင်ဘုရင်ဖြစ်ကြောင်း သိသောအခါ ငါ့မိခင်သည် ယေဟောဝါထံ သွားခဲ့သည်မဟုတ်ပါလော? အကျွန်ုပ်မိခင်သည် ကိုယ်တော့်ထံသို့ မည်သို့ဆုတောင်းခဲ့ပါသနည်း၊ အို ယေဟောဝါ? အကျွန်ုပ်အား ကိုယ်တော့်ချစ်ခြင်းလက်များထဲသို့ အပ်နှံပါသည်ဟု ဆုတောင်းခဲ့သည်မဟုတ်ပါလော?

ထိုစဉ်က ကိုယ်တော် ကြားတော်မူခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်ကလေးငယ်ဘဝကပင် ကိုယ်တော့်ကို အားကိုးသူဖြစ်ရန်၊ ကိုယ်တော့်အပေါ် မျှော်လင့်ချက်ထားရန် ပြုလုပ်ထားခြင်းခံရသူဖြစ်ပါသည်၊ ဘိုးဘေးများကဲ့သို့ဖြစ်ပါသည်။

ကျွန်တော် ငယ်စဉ်ကပင် ဘယ်သွားသွား ကိုယ်တော့်ကို ကျွန်တော်နှင့်အတူ အမြဲခေါ်သွားလေ့ရှိပါသည်။ အမွှေးထူသိုးများကို စားကျက်တွင်လွှတ်ထားစဉ်၊ ကျွန်တော်သည် ကိုယ်တော့်ကြီးမြတ်တော်မူခြင်းကို ဆင်ခြင်တွေးတောလျှက်၊ သီချင်းစတင်သီဆိုလေ့ရှိပါသည်။ သင့်တော်သောသံစဉ်၊ မှန်သော ကာရံတို့ ချက်ချင်းရောက်လာကြပါသည်။ ဗက်သလီဟမ်–ဂျူဒါ ဖက်မှတိုက်လာသောလေနှင့်အတူ သံစဉ်တို့သည် လွင့်ပျံ့လာကြပါသည်။ ထိုအခါ ကျွန်တော်သည် စတင်တီးခတ် သီဆိုပါတော့သည်။ အို ဘုရားသခင် ကျွန်တော် မည်သို့သီဆိုခဲ့ကြောင်း မေ့နေပြီလော? ကျွန်တော်သည် မည်သည့်အခါမျှ အချည်းနှီးမဲ့ မမျှော်လင့်ပါ။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်သီဆိုသောသီချင်း၏ နောက်ဆုံးအပိုဒ်မရောက်ခင်၊ ကျွန်တော်သည် ကျွန်တော့်ကိုချစ်သော ဘုရားသခင့်အနားသို့ ရောက်နေပြီဟု သိရသောကြောင့်ဖြစ်ပါသည်။ ထို့နောက် ပျော်ရွှင်နေပါသည်၊ ဘုရားသခင်ကိုရှိသေခြင်းနှင့်ဆိုင်သော ပျော်ရွှင်ခြင်းဖြစ်သည်။ ထို့ကြောင့် တိတ်ဆိတ်စွာ သိုးတို့နှင့်အတူ အိမ်ပြန်ပါမည်။

.......

သို့သော် ငါသည် ယခုအခါ၊ ပိုးကောင်တကောင်သာ ဖြစ်နေပါသည်၊ လူ မဟုတ်တော့ပါ။

ထို့အပြင် ဤစိုးရိမ်ပူပန်ရခြင်းများကို ရင်ဆိုနေရချိန်တွင် ကိုယ်တော်သည် ကျွန်တော့်ကို အဖြေမပေးတော့ပြန်ပါ။

ဤကဲ့သို့ ကြာရှည်နေ၍တော့ ဖြစ်မည်မဟုတ်ပါ၊ အို ဘုရားသခင်!

ယခုပင် ကျွန်တော်သည် သွန်ပစ်လိုက်သောရေနှင့် တူနေပါပြီ။ ကျွန်တော့ထံတွင် ခွန်အားလည်း မကျန်တော့ပါ။ ညများတွင် လူတဦးသည် အိပ်ပျော်နိုင်ဖို့လိုပါသည်။ ကျွန်တော့်ကုတင်ပေါ်မှ မနက်နိုးလာသော် ကျွန်တော့်ပုံစံသည် မြင်ရသူများကို ဝမ်းနည်းစေပါသည်။ ကျွန်တော့်အရိုးများကို လူတိုင်းက ငါတို့ကိုကြည့်နေကြသည်ဟု ပြောရတော့မည်ဖြစ်ပါသည်။

တော်ပါသေးသည် သူတို့က အပြင်ပန်းမှလွဲ၍ မမြင်နိုင်ကြ၍ဖြစ်သည်။ ကျွန်တော့်အတွင်းဖက်သည်လည်း ဖယောင်းနှင့်သာ တူနေပြီဖြစ်သည်။ နှလုံးသားသည် အတွင်း၌ အရည်ပျော်သွားပြီဖြစ်သည်။ ကျွန်တော့အရိုးတို့သည်လည်း အဆစ်တို့မှပြုတ်ထွက်နေကြသလို ခံစားနေကြပါသည်။ ကျွန်တော့်ထဲတွင် ဘာခွန်အားမှ မရှိတော့ပါ။

ကျွန်တော့်ဘေးနားပတ်လည်တွင် ကြားနေရသည်မှာ လှောင်ရယ်(ရီ)ရယ်သံ၊ သရော်သံ၊ ပြက်ရယ်ပြုသံ၊ အထင်သေးသံတို့သာဖြစ်ပါသည်။

ထိုအရာများအားလုံးကို ကျွန်တော် ခံနိုင်ပါသည်၊ သခင်။ ကိုယ်တော်သာ ကျွန်တော်နှင့်အဝေး၌ နေတော်မမူပါနှင့်၊ ကူဖို့ရာ အမြန်ကြွလာတော်မူပါ။

အာမြဟံသည် ကိုးစားလျှက်မျှော်လင့်သောအခါ ကူညီခြင်းခံရပါသည်၊ ထို့အတူ ယာကုပ်လည်း ဘုရားသခင်ကို တွေ့ပါသည်။ အစ္စရေးတို့လည်း အီဂျစ်၌ အမြဲ မကျန်ခဲ့ကြပါ။ မောရှေသည် ယေဟောဝါ၏လက်မောင်းများကဲ့သို့ သန်မာခဲ့ပါသည်။ ထို့ကြောင့်၊ အကျွန်ုပ်၏အဖ၊ မိုးတိမ်တို့ကို စီး၍ ကူညီဖို့ ကြွလာတော်မူပါ။

ထို့နောက် ဒါဝိတ်သည် သူ့ဘုရားကို ပြန်တွေ့ခဲ့ပါသည်။

ထိုအကြောင်းကို အငယ်(၂၂)တွင် ကြိုတင်ပုရောဖက်ပြုခဲ့ပါသည်။ ထိုအပိုဒ်သည် ဤဆာလံ၏ ခေတ္တရပ်ရာနေရာ ဖြစ်ပါသည် (ဆာလံသည် ကဗျာ/သီချင်းဖြစ်သဖြင့် ကြားတွင် ရပ်ရမည့်နေရာ ပါလေ့ရှိသည် – ဘာသာပြန်သူ)။

သူသည် သူ့ကိုယ်သူ သူ၏ဝမ်းနည်းစရာအားလုံးမှနေ၍ ကယ်လွှတ်ပြီးခြင်းခံရသလို မြင်ယောင်ကြည့်ပါသည်။ သူ့ညီအကိုများထံ နောက်ဆုံးတော့ ဘုရားသခင် ကူမဖို့ ရောက်လာခဲ့ပါသည်ဟု ပြောနိုင်မည့်တချိန်တော့ ရှိပါလိမ့်ဦးမည်။ ထိုအချိန်ရောက်လျှင် သူသည် သူ၏ချီးမွမ်းရခြင်းအားလုံးကို အကြောင်းအရာတခုအပေါ် အာရုံစိုက်ကာ ချီးမွမ်းမည်ဖြစ်ပါသည်၊– ဟာလေလုယ၊ ဘုရားသခင်ကို ချီးမွမ်းရခြင်းများ။ ထိုအရာမှလွဲ၍ တခြားမဖြစ်နိုင်။ ၄င်းသည် ရှင်သန်ခြင်းနှင့်အသက်အားလုံးတို့၏ အိုမီဂါ(အဆုံးသတ်)ဖြစ်ပါသည်။

မှန်သည်၊ အစ္စရေးအသင်းတော်အလယ်တွင် ဒါဝိတ် ရပ်နေလိမ့်ဦးမည်။ သူသည် ၄င်းတို့ကို မြင်ယောင်ကြည့်နေသည်မှာ ကမ္ဘာကြီး၏ အဆုံးသတ်ချိန်ထိအောင် ဖြစ်ပါသည်။

ဖြောင့်မတ်ခြင်း၊ ဘုန်းကျက်သရေ၊ လုံးလုံးလျားလျားကယ်တင်ခံရခြင်းတို့ ရောက်လာကြလိမ့်မည်။ သူ့အတွက်တော့ အသုံးပြုခံ တန်ဆာပလာအနေနှင့်သာ။ ဒါဝိတ်၏ ဆာလံ ၂၂ မှ အဖြစ်အပျက်များကို ကြားကြသောအခါ၊ ပထမတွင် ကမ္ဘာတခုလုံး သည် အဆုံးသတ်ချိန်များထိအောင် သိမ့်သိမ့်တုန်သွားခဲ့ပါသည်။ သို့သော် ထိုသီချင်း၏အဆုံးသတ်သည်၊– ဘုရားသခင်က ပူပန်သောကအားလုံးကို အဆုံးသတ်စေပြီ။ တိုက်ဆိုင်လှစွာပင် ဤဆာလံ၏ နောက်ဆုံးကျမ်းပိုဒ်သည် သခင်ယေရှု၏နောက်ဆုံး ပြောခဲ့သောစကားလုံးတို့နှင့် အတူတူဖြစ်နေပါသည်၊– အမှုပြီးပြီ။

မှန်ပါသည်၊ ဒါဝိတ်အတွက် အမှုပြီးခဲ့ပြီ။ သူသည် တည်ငြိမ်ပြီဖြစ်သည်၊ ပြန်၍ပင် ပြုံးနိုင်ပြီ။ မျက်မှောက်တွေ့ကြုံနေရသည့်၊ ကောင်းကင်ဘုံနှင့်ဆိုင်သော၊ ဘုန်းကျက်သရေပြည့်ဝလှသော ပြဇာတ်ကြီးထဲမှ သူဝင်ကရသောအပိုင်းသည် သေးငယ်လှသည် မဟုတ်ပါ။ ဒါဝိတ်က ဆိုလို့(တပင်တိုင်သီချင်း)ပင် သီဆိုရမည်ဟု ကျွန်တော်တွေးမြင်မိပါသည်။ နောက်လာမည့် သူ၏ကြီးမြတ်သောသားက သူ့ပြောခဲ့သည်ကို ကိုးကားလိမ့်ဦးမည်ဖြစ်သည်။ ထို့နောက် ကိုးကားခြင်းများစွာ ရှိဦးမည်။

ကမ္ဘာအဆက်ဆက်တွင်၊ ဂြိုဟ်များထဲတွင်၊ နေများတို့တွင် အတော်လေးကြာသောအချိန်ရောက်သောအခါ ထိုပူပန်သောကဝေဒနာဖြင့် ဘုရားသခင့်ထံအော်ဟစ်သံ၏ ပဲ့တင်ထပ်ခြင်းကို ပြန်ကြားရပါသည်၊– အဘယ့်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်း? အမှောင်ထုကြီးထဲမှ အော်ဟစ်သံဖြစ်သည်။

ခေါင်းပေါ်မှဖြတ်သွားသော လေယဉ်သံကို ခေတ်ပေါ်လျှပ်စစ်ကရိယာဖြင့် တိုင်းတာလျှက် မည်သည့်နေရာတွင်ရှိနေကြောင်း အတိအကျပြောနိုင်ပါသည်ဟု ပညာရှင်တို့ကပြောပါသည်။ သို့သော် ထိုကရိယာဖြင့် ဂေါလဂေါသတောင်ကုန်းနားကိုတော့ တိုင်းထွာဖို့ ကြိုးစားမနေနှင့်ဟု ကျွန်တော် အကြံပြုချင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုအော်ဟစ်သံသည် အနက်ဆုံးတွင်းနက်ကြီးထဲမှဖြစ်ပါသည်။ ထိုအသံသည် တခါတရံ ငရဲဟုခေါ်သောနေရာမှ တက်လာခြင်းဖြစ်သည်။ သင်၏တိုင်းထွာရန် ကြိုးစားခြင်းအားလုံး ရယ်စရာသာဖြစ်နေပါမည်။ သင်သုံးသောကရိယာလည်း ကျိုးပြတ်သွားပါမည်။ အဘယ့်ကြောင့်ဆိုသော် အော်ဟစ်ခြင်းအသံသည် ပြင်းထန်လွန်း၍ဖြစ်ပါသည်။

အတော်ကြာပြီးသော်၊ အတော်လေးကြာပြီးသော် ရွှေတံခါးကြီးများပွင့်သွားပါသည်၊ အချက်ပြသောလက်နှင့် ဂါလိလဲနယ်သားကို ဤနေရာသို့တက်လာပါ၊ ငါ့သားဟု ခေါ်လိုက်ပါသည်။ (သီသြလော်ဂျီအရ ကျွန်တော်တို့ပြောရလျှင် ထိုအသံနက်ကြီးသည် ထာဝရသေခြင်းကို ပဲ့တင်ထပ်သောအသံဖြစ်ပါသည်။)

ပို၍ကြီးမြတ်သော ဒါဝိတ်သည်၊ ပိုးကောင်မဟုတ်တော့ပါ၊ လှေကားထစ်များမှ အထက်သို့ တက်လှမ်းသွားသူဖြစ်ပါသည်။

ဆာလံ ၂၂ က နောက်ဆုံးတွင် သူ့ကို အသင်းတော်အလယ်တွင် တွေ့မြင်ပါသည်။ ထို့နောက် ဒါဝိတ်သည် သူ၏ဆိုလို သီချင်းများကို ရပ်တန့်ပါသည်။ ကောင်းကင်သည်လည်း တိတ်တိတ်နေခြင်းကို ထူးထူးခြားခြားကြုံတွေ့ပါသည်။ ဒါဝိတ်၊ ဘုရားသခင် ချစ်ရသောသားတော်က၊ သီချင်းဆိုလျှက် ကြေညာချက်ကို ပြုပါမည်၊ ကမ္ဘာပေါ်မှသံစုံ(choir)သီဆိုသူ မည်သူကမှ မဆိုဖူးသေးသောသံစုံဖြစ်သည်၊– အကျွန်ုပ်သည် ကိုယ်တော်၏ကောင်းချီးနှင့်ပြည့်သော အမည်နာမကို ညီအကိုအားလုံးတို့ထံ ကြေညာမည်ဖြစ်သည်။

သီဆိုရန် သင်ပေးခြင်းများကို ခွင့်ပြုပါမည်။ သူတို့သည် ဘုရားသခင်၏ သံစုံသီချင်းဆိုသောအဖွဲ့ကြီး(symphony)၏ အဖွဲ့ဝင်များအားလုံး ရောက်လာချိန်အထိတော့ စောင့်ကြရပါဦးမည်။

ပတ်မုကျွန်းပေါ်ရောက်နေသော ယောဟန်ကိုတော့ အစမ်းလေ့ကျင့်သီဆိုခြင်းကို မြင်ခွင့်ပေးခဲ့ပါသည်။ ထိုအကြောင်းကို သူကလည်း သင်တို့အား ပြောပြပြီးဖြစ်ပါသည်။ “ထိုနောက်မှသ ကောင်းကင်၌ စည်းဝေးသောသူအများတို့၏အသံကြီးကား၊ ဟာလေလုယ၊ ငါတို့ဘုရားသခင်၏ကယ်တင်တော်မူခြင်းချီးမွမ်းသာ၊ ဘုန်းအသရေတန်ခိုးတော်ပေတည်း။”(ဗျာ ၁၉း၁)

ကျွန်တော်သည် ထိုမြင်ကွင်းကို ထားခဲ့ဖို့ နှေးကွေးနေပါသည်။ ကောင်းကင်နှင့်ဆိုင်သော မြင်ကွင်း ဂေါလဂေါသတောင်၊ ကောင်းကင်နှင့်ဆိုင်သော အနက်ဖွင့်မှု ဆာလံ ၂၂ က ကျွန်တော့်ကို ဖမ်းစားထားပါသည်၊ ထူးကဲလွန်းလှသော လှပခြင်းဖြစ်ပါသည်။

တဖြည်းဖြည်းနှင့် ကျွန်တော်သည် ဒါဝိတ်ကို အဘယ့်ကြောင့် အစ္စရေး၏ချိုမြိန်သော သီချင်းဆိုသူ(အဆိုတော်)ဟု ခေါ်ရခြင်းအား နားလည်လာပါသည်။

(O Taste and See, Meditation from Psalms, by Gerrit Vos (1894-1968) စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++++++

<u>သီဩလော်ဂျီကဏ္ဍ</u>

## ဘုရားသခင်အား အနက်ဖွင့်ဆိုဖို့ မဖြစ်နိုင်ခြင်း

(The Impossibility of Defining God)

ဘုရားသခင်အား သိ၍မကုန်နိုင်ခြင်းနှင့်ပတ်သက်၍ ပြောခဲ့ပြီးသမျှတို့မှနေ၍ ရှင်းနေသောအချက်တချက်မှာ ဘုရားသခင်အား လုံလောက်ပြည့်စုံသော အနက်ဖွင့်မှုဖြင့် အဓိပ္ပါယ်ဖွင့်ဆိုရန် အားထုတ်မှုအားလုံးသည် အသီးအပွင့်မဲ့သာဖြစ်ပါမည်။ ဘုရားသခင်၏ အနှစ်သာရကို အနက်ဖွင့်ခြင်းဆိုသောစကားလုံးက ညွှန်းဆိုနေသောအဓိပ္ပါယ်ဖြင့် အနက်ဖွင့်၍မရနိုင်ပါ။ အနက်ဖွင့်ခြင်းဆိုသည်မှာ၊ ထိုစကားလုံးကိုယ်၌က ပြညွှန်နေသလို၊ ကန့်သတ်လိုက်ခြင်း ဖြစ်ပါသည်။ အကြောင်းအရာတခုခုကို ကျွန်တော်တို့ အနက်ဖွင့်သောအခါ၊ ၎င်းကို တစုံတခုသောအတန်းအစား(class)သို့ ထည့်သွင်းလိုက်ခြင်းဖြစ်ပါသည်။ သိနိုင်သောစကြဝဠာအတွင်းမှ အမျိုးအစားတစုံတရာသို့ ထားပစ်လိုက်ခြင်းဖြစ်ပါသည်။ ထိုအရာကို အခြားသောအရာများမှနေ၍၊ တူညီသောအတန်းအစားအတွင်းတွင်၊ ခွဲခြားနားလည်နိုင်ရန် ၎င်း၏ခြားနားသောဂုဏ်လက္ခဏာများကို ဖေါ်ပြခြင်းဖြစ်ပါသည်။

မည်သည့်အရာ၏အနှစ်သာရကိုမှ ကျွန်တော်တို့သည် အနက်ဖွင့်ရန် မဖြစ်နိုင်ကြပါ၊ အကြောင်းအရင်းမှာ ရိုးရိုးလေးဖြစ်ပါသည်၊ ကျွန်တော်တို့သည် အနှစ်သာရ(essence)ဆိုသောစကားလုံး၏ ရှင်းလင်းသောအယူအဆကို ပုံမဖေါ်နိုင်ကြ၍ ဖြစ်ပါသည်။ အနှစ်သာရဆိုသည်မှာ တစုံတခုသောအရာကို ထိုတစုံတခုဖြစ်စေသောအရာ (သို့) ၎င်း၏အခြေခံပါဝင်သောအရာ(substance)၊ (သို့) ၎င်းအရာ၏ အခြေခံအုတ်မြစ်(hypostasis)ဖြစ်သည်၊ တစုံတရာဖြစ်ဖို့အတွက် အောက်ခံအလွှာအဖြစ် မရှိမဖြစ် လိုအပ်သောအရည်အချင်း၊ ဂုဏ်လက္ခဏာများဟု ကျွန်တော်တို့ ပြောနိုင်ကြပါမည်။ သို့သော် ထိုသို့အနက်ဖွင့်ရန် ကြိုးစားအားထုတ်မှုအားလုံးကလည်း ကျွန်တော်တို့စိတ်ထဲတွင် အနှစ်သာရ၊ (သို့) ဖြစ်တည်မှုသည် အဘယ်အရာနည်းဟူသော ရှင်းလင်းသည့်အတွေးကို ပေးနိုင်ခြင်း သိပ်မရှိကြောင်း ခံစားကြရပါသည်။ ခက်ခဲရခြင်းမှာ ဤသို့ဖြစ်ဟန်ရှိပါသည်၊ အနှစ်သာရဆိုသောစကားလုံးကိုယ်၌က အဆုံးစွန်အကျဆုံး မူလအရင်းခံအိုင်ဒီယာ(အတွေး)ဖြစ်ပုံရပါသည်၊ ထို့ထက်ပို၍ ကျယ်ပြန့်သော၊ ပို၍ခြုံငုံနိုင်သောယေဘုယျသဘော(universal)ကို ကျွန်တော်တို့ ရှာ၍မတွေ့နိုင်ဖြစ်ပါသည်။

ထိုသို့ဖြစ်သောကြောင့် ဘုရားသခင်၏သဘောသဘာဝ (သို့) ဖြစ်တည်မှုကို ကျေနပ်လောက်သော အနက်ဖွင့်ဆိုမှုရဖို့ မည်သို့လျှင် မျှော်လင့်နိုင်ပါမည်နည်း? ဘုရားသခင်သည် ဘုရားသခင်ဖြစ်သည်။ ကျွန်တော်တို့တွေးနိုင်သမျှသောအတွေးတို့ထဲတွင် ဘုရားသခင်ဆိုသောအတွေး(အိုင်ဒီယာ)ထက် ပို၍မြင့်သောအရာမရှိနိုင်ပါ။ ဘုရားသခင်အား ထည့်သွင်း၍ရနိုင်သော ယေဘုယျသဘောလည်း ရှိမနေပါ။ သူ့ကို နှိုင်းယှဉ်၍ရသောအရာလည်း မရှိပါ၊ “သို့ဖြစ်၍၊ ငါ့ကိုအဘယ်သူ ပုံပြရအံ့နည်း။ ငါသည် အဘယ်သူဖြင့် တူရအံ့နည်းဟု သန့်ရှင်းသောဘုရား မေးတော်မူ၏။”(ဟေရှာ ၄၀း၂၅)။ ထို့ကြောင့် ဘုရားသခင်၏ နှိုင်းယှဉ်စရာမရှိခြင်းသဘောကို ထည့် မတွက်ဘဲ၊ ဘုရားသခင်ကို ဖေါ်ပြချက် (သို့) အနက်ဖွင့်ချက်ရှိသမျှတို့က ဘုရားသခင်ဆိုသောအိုင်ဒီယာကို ဖျက်ဆီးပစ်ကြပါသည်။ နှိုင်းယှဉ်၍မရသောအရာကို အနက်ဖွင့်၍မရပါ။ ထို့အပြင် ဘုရားသခင်၏အထဲ၌ အနက်ဖွင့်နိုင်ဖို့ အမျိုးအစားမည်သို့ဖြစ်သည်ဆို သည်ကိုလည်း ရှာ၍မတွေ့နိုင်ပါ။

မကြာခဏ ထိုကိစ္စကို ကြိုးပမ်းတတ်ကြသည်။ အချို့က ဝိညာဉ်ဖြစ်တော်မူခြင်းမှစတင်ကာ သူတို့၏အနက်ဖွင့်ခြင်းအမျိုးအစားကို တည်ဆောက်ဖို့ကြိုးစားကြပါသည်။ အခြားသူတို့ကမူ ချစ်ခြင်းဖြစ်သည်ဆိုသော အိုင်ဒီယာမှ စချင်ကြပါသည်။ နောက်တဖွဲ့ကမူ ဘုရားသခင်၏ရှင်းလင်းနေခြင်းသဘော(pure being) (သို့) ဘုရားသခင်၏မိမိကိုယ်ကိုအတွင်း လုံလောက်နေခြင်းသဘော(self-sufficiency [aseitas])မှ စချင်ကြပါသည်။ သို့သော် ထိုကြိုးပမ်းမှုများအားလုံးသည်၊ အမြင့်ဆုံးသောဘုရားကို အနက်ဖွင့်ရန် ရည်ရွယ်မှုနှင့်ပတ်သက်၍၊ ဘုရားသခင်၏ရိုးစင်းတော်မူခြင်း/မရှုတ်ထွေးခြင်း(God's simplicity) ဆိုသောကျောက်ဆောင်၌သင်္ဘောပျက်ကြရပါသည်။ ဘုရားသခင်သည် တစ်(one) ဖြစ်သည်။ သူသည် သူ၏ကောင်းမြတ်ခြင်းများ ဖြစ်သည်။ သူ၏ကောင်းမြတ်ခြင်းအားလုံးတို့သည်၊ သူ၏ဖွင့်ပြတော်မူခြင်းများ၌ ခွဲခြားနားလည်၍ရပါသော်လည်း၊ သူ့ထံတော်တွင် တစ်(one)ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်၏ဖြစ်တည်တော်မူခြင်း၏အနှစ်သာရကို အနက်ဖွင့်ဆိုဖို့ရန် ကြိုးပမ်းမှုမှန်သမျှသည်၊ ဘာရလဒ်ကိုမှမပေးနိုင်သောအ

ရာ ဖြစ်သည်နှင့်အညီ၊ စွန့်ပစ်ရပါမည်။ ငါတို့က ဘုရားသခင်ကို အနက်ဖွင့်နိုင်တယ်ဟု ပြောခြင်းသည် ဘုရားသခင်၏အဖြစ်တော်ကို ငြင်းပယ်နေခြင်းသာဖြစ်ပါသည်။

ထိုသို့ပြောသဖြင့် ဘုရားသခင်၏သဘောသဘာဝများကို ကျွန်တော်တို့ ဖော်မပြနိုင်ပါဟု ပြောနေခြင်းတော့မဟုတ်ပါ။ အကယ်၍သာ ဘုရားသခင်၏ဖြစ်တည်မှုနှင့်ပတ်သက်၍ ဘာကိုမှမပြောနိုင်ခဲ့ပါလျှင်၊ ကျွန်တော်တို့သည် မသိမှုဝါဒ(agnosticis,)၏နိဂုံးသို့ ပြန်လည်ကျဆုံးကြရတော့မည်ဖြစ်ပါသည်။ ဘုရားသခင်၏အနှစ်သာရကို ယုတ္တိဗေဒကျသော၊ ပြည့်စုံသော အနက်ဖွင့်ခြင်းပေးနိုင်ပါသည်ဟု အခိုင်အမာမဆိုဘဲ၊ ကျွန်တော်တို့၏ ဘုရားသခင်ဆိုသောအတွေး/အယူအဆကို ရှင်းလင်းစွာ ဘောင်ခတ်ဖော်ပြနိုင်ပါသည်၊ ဘုရားသခင်၏ဖွင့်ပြတော်မူချက်(ကျမ်းစာ)အပေါ်တွင် အခြေခံ၍ ရှင်းလင်စွာ ဘောင်ခတ်ဖော်ပြနိုင်ပါသည်။ ထိုအခြေခံမှနေ၍ ဘုရားသခင်သည် မည်သူဖြစ်သည်၊ ဘာဖြစ်သည်တို့ကို ပြောနိုင်ပါသည်။ သူ၏ဖြစ်တည်မှုထဲရှိ သူ၏အကြောင်းအရာ များ၊ ကမ္ဘာလောကကြီးနှင့်ဆက်နွယ်သည့် သူ၏အကြောင်းအရာများကို ဖော်ပြနိုင်ပါသည်။ ထိုသို့ပြုကြသည့်အခါ ဘုရားသခင် ဆိုသောအတွေး/အယူအဆကို ဖွင့်ပြချက်(ကျမ်းစာ)အပေါ်တွင် အခြေမခံဘဲ တွေးခေါ်ယူဆကြခြင်းတို့မှ ခြားနားလျှက်၊ ၎င်းတို့ကို ဆန့်ကျင်လျှက် ပြုကြခြင်းဖြစ်ပါသည်။ ထိုသို့သော် ဖွင့်ပြချက်(ကျမ်းစာ)အပေါ် အခြေမခံသောအယူအဆတို့သည် မဖြစ်မနေမှား ယွင်းကြသဖြင့်၊ ပစ်ပယ်ရမည့်အရာများလည်း ဖြစ်ကြပါသည်။

## ဖီလိုဆိုဖီအတွေးအခေါ်ကအသုံးပြုသောနည်းလမ်း

(The Method of Philosophy)

ယုံကြည်ခြင်းက ဆင်ခြင်ခြင်း(reason)သည် ဘုရားသခင် ဘာဖြစ်ကြောင်း မည်သူဖြစ်ကြောင်းတို့ကို မှန်ကန်စွာ ဖော်ပြနိုင်ဖို့ တတ်စွမ်းနိုင်သည်ဟု တဒင်္ဂခဏလေးမျှပင် ဝန်မခံပါ။ ခေါ့မက်တစ်(သီဩလော်ဂျီ)က ဖီလိုဆိုဖီနည်းလမ်းကို မမွေးစားနိုင်ပါ၊ ၎င်းသည် အမြဲတမ်း မိမိ၏ကိုယ်ပိုင်ဘုရားကိုသာ ပြုလုပ်လေ့ရှိပါသည်။ ဖစ်ချ်(Fichte)ဆိုသော ဂျာမန်တွေးခေါ်ရှင်ကပြောသလို၊ ဘုရားဆိုသည်မှာ လူသား၏ဆင်ခြင်ခြင်းက ဖန်တီးခြင်းမျှသာဖြစ်သည်ဟု အရှက်မဲ့စွာ အခိုင်အမာပြောလျှင်ပြော၊ (သို့) စစ်မှန်သောဘုရားသခင် ဆိုသည့်အတွေးအယူအဆကို အများဆုံးသောလူသားများ၏မဲပေးခြင်းဖြင့် ဆုံးဖြတ်ရမည်ဟု ပြောချင်ပြောနေပါမည်။ ဖီလိုဆိုဖီအတွက် ပြဿနာမှာ ဘုရားအများဝါဒ၊ ဘုရားတပါးတည်းဝါဒ၊ ဘုရားရှိသည်ဆိုသောဝါဒ၊ ဒေးဇင်ဝါဒ(deism = ဘုရားက ကမ္ဘာကြီးကို ဖန်ဆင်းပြီးဆက်မကြည့်တော့ဘဲ သဘာဝဥပဒေများနှင့် ထားပစ်ခဲ့သည်ဟု ယူဆသောဝါဒ)၊ (သို့) အရာခပ်သိမ်းသည်ဘုရားဖြစ်သည်ဆိုသောဝါဒ စသည့်ဝါဒများထဲမှ မည်သည့်ဝါဒက ဘုရားသခင်၏အကြောင်း(အိုင်ဒီယာ)ကို အမှန်ဆုံးတင်ပြနိုင်မည်နည်းဟု ရွေးနေရခြင်းဖြစ်ပါသည်။ ယုံကြည်သူအတွက်မူ၊ မိမိ၏ဘုရားသခင်ကိုသိသော အသိပညာအားလုံးကို ဘုရားသခင်ကိုယ်တိုင်၏ ဖွင့်ပြချက်(ကျမ်းစာ)မှနေ၍ ရယူထားသဖြင့်၊ ထိုမေးခွန်းသည် သူ့အတွက်အကျုံးမဝင်ပါ။

ပရော်ဖက်ဆာ ဂျီဝက်စ်ကန်းနင်းဂမ်(Professor G. Watts Cunningham)က တကယ့်ပြဿနာကို ရှာဖွေတွေ့ရှိခဲ့ပါသည်။ တဖက်က “ဘာသာရေးကိုသိသောစိတ်သည်၊ ၎င်း၏ယုံကြည်ချက်အား တရားဝင်ထုတ်ပြန်ကြေညာချက်ကဲ့သို့ပင် မပြတ်သားသဖြင့် ဖြစ်ပါသည်။” ဘာသာရေးတို့ကိုသိသောသိစိတ်များပြုကြသည့် ထိုတရားဝင်ထုတ်ပြန်ကြေညာခြင်းများသည် ဗာဗုလုန်ရဲတိုက်နှင့်တူပါသည်ဟု သူက ပြောခဲ့ပါသည်။ (ဆိုလိုသည်မှာ ဗာဗုန်လုန်ရဲတိုက်တွင် ဘာသာစကားများအားလုံးရှုတ်ထွေးသဖြင့် နားမလည်နိုင်ဘဲဖြစ်ကြသလိုမျိုး ဘာသာရေးတို့က ပြောနေသောအရာများသည်လည်း နားလည်ရန် ရှုတ်ထွေးနေပါသည်ဟူ၍ဖြစ်ပါသည်။ ဘာသာပြန်သူ) ထိုပရော်ဖက်ဆာက အောက်ပါအတိုင်းပြောခဲ့ပါသည်၊–

“အချို့သောဘာသာရေးယုံကြည်သူတို့အတွက် ခြားနားသောဂုဏ်လက္ခဏာများရှိကြသည့် ဘုရားအများအပြားရှိသည်၊ အခြားသူတို့အတွက်မှာမူ ဘုရားတပါးတည်းရှိပါသည်၊ သို့သော် မဆုံးနိုင်သောဂုဏ်လက္ခဏာများကို ကြံစည်စိတ်ကူးကြလျှက်ဖြစ်သည်၊ အချို့တို့က ဘုရားသည် ကမ္ဘာကြီး၏ဖြစ်စဉ်များကို ပြုလုပ်နေသူ ပညာရှင်ဟု ပြောကြပါသည်၊ အချို့ကမူ ဘုရားနှင့်ကမ္ဘာကြီး၏ဖြစ်စဉ်များ တထပ်တည်းဖြစ်သည်ဟု ပြောကြပြန်ပါသည်၊ တခါတရံ သူသည် ရွေးထားသောလူနည်းစုနှင့်သာ ဆက်ဆံသောဝန်တိုစိတ်ကြီးသည့်ဘုရားဟု ပြောတတ်ကြသလို၊ တခါတရံ သူသည် ဘယ်သူ့ကိုမှ မျက်နှာသာမပေးသူဟု ပြောတတ်ကြပါသည်၊ တချို့သောသူတို့၏ ယုံကြည်ခြင်းအတွက် သူသည် တစုံတရာသောရည်ရွယ်ချက်တို့ကို ပြည့်စုံအောင် လုပ်ချင်သောဆန္ဒရှိသည့် မိမိကိုယ်ကိုသိသော အသက်ရှင်နေသောပုဂ္ဂိုလ်ဖြစ်နေပါသည်၊ အခြားသူတို့အတွက်မှာမူ သူသည် မိမိကိုယ်ကိုမသိသော တန်ခိုးစွမ်းအင်၊ ကံ၊ ကောင်းကင်ဘုံ ဖြစ်နေပြန်ပါသည်၊ ထိုသို့ဖြင့် ရှုပ်ထွေးခြင်းတို့သည် မကုန်ဆုံးနိုင်အောင် အနန္တဖြစ်နေပါသည်။ မှန်သည်၊ အရိပ်အမြွက်လောက်ကလေးပင် ဆင်ခြင်ကြည့်ခြင်းက ထိုသို့သော ရှုပ်ထွေးခြင်းမျိုးသည် ယုတ္တိဗေဒကျစွာ သည်းမခံနိုင်စရာဖြစ်ကြောင်း ဖော်ပြနေပါသည်။ သိသာလှသည့်အကြောင်းမှာ၊ ထိုသို့ပြောဆိုခြင်းများ အားလုံးတော့မမှန်နိုင်ပါ ဆိုသည့်အကြောင်းကိုဖြစ်ပါသည်။ ထိုသို့ဆိုလျှင် ကျွန်တော်တို့ ဘာကိုဆက်ပြောရမည်နည်း? ယုံကြည်ခြင်းပို၍တိုးပွားလာအောင် မေးခွန်းများ မထုတ်တော့ဘဲ အောင့်အည်းထားရမည်လော? ထိုသို့မဖြစ်နိုင်ပါ၊ လူသားမျိုးနွယ်၏ ဘာသာရေးကိုသိသောစိတ်ကိုယ်၌က လက်ခံမည် မဟုတ်ပါ။ ထိုသို့ဖြင့် ဘုရားကိုယုံကြည်ခြင်းများမှနေ၍ ဘုရားပြဿနာထွက်လာခဲ့ပါသည်။ ကွဲပြားခြားနားသောယုံကြည်ခြင်းမျိုးစုံက ထိုပြဿနာသည် ရှောင်လွှဲ၍မရသောပြဿနာဖြစ်သည်ဟု ပြောပြနေပါသည်။”

ယုံကြည်သူအတွက်တော့ အထက်ကပြဿနာသည် ပြဿနာမဟုတ်ကြောင်း ရိုးစင်းလှပါသည်။ အဘယ့်ကြောင့်ဆိုသော် ယုံကြည်သူသည် သူ၏ဘုရားသခင်ကိုသိခြင်းအသိပညာကို မျိုးစုံသောဘာသာရေးများအားလေ့လာခြင်းမှ

ထုတ်လုပ်ခြင်းမဟုတ် သောကြောင့်ဖြစ်ပါသည်။

ထို့အတူ မည်သည့်ဘုရားနည်းဆိုသော ဘုရားပြဿနာကို ဖီလိုဆိုဖီအရ ထိုသို့တင်ပြခြင်းကလည်း စိတ်ကျေနပ်လောက်စရာရှိသောဖြေရှင်းချက် မဟုတ်ပြန်ပါ။ ပရောဖက်ဆာကန်းနင်းဂန်က ဘုရားအများဝါဒနှင့်ဒေးဇင်ဝါဒတို့ကို ဖြစ်နိုင်ခြေရှိသောအဖြေဖယားမှနေ၍ ထုတ်ပယ်ပစ်လိုက်ပြီးနောက်၊ တမင်သက်သက်ဖြင့် ဘုရားရှိသည်ဆိုသောဝါဒ(theism)ကို ဘုရားသခင်၏သဘောသဘာဝအားအကောင်းဆုံးရှင်းပြနိုင်မည့်ဝါဒအဖြစ် ရွေးချယ်လိုက်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ကမ္ဘာပေါ်ရှိ လူဦးရေ အများစုကြီးက ထိုသို့ယူဆသောကြောင့်ဖြစ်သည်ဟု အကြောင်းပြပါသည်။ "ဖီလိုဆိုဖီတိုးတက်လာမှု သမိုင်းစဉ်တလျှောက်၊ အကြီးကျယ်ဆုံးသောတွေးခေါ်ရှင်များက၊ ယေဘုယျအားဖြင့် ဘုရားရှိသည်ဆိုသောဝါဒကို အရာခပ်သိမ်းသည် ဘုရားဖြစ်သည်ဆိုသောဝါဒထက်ပို၍နှစ်သက်ကြဟန်ရှိပါသည်"ဟု ပြောခဲ့ပါသည်။

ထို့ကြောင့် ဖီလိုဆိုဖီပညာက သူပေါ်ထုတ်သော ပြဿနာဖြစ်သည့် မည် သည့်ဘုရားသခင်နည်းဆိုသောပြဿနာကို အပြည့်သဘောအဖြေ တစုံတရာ မပေးနိုင်ကြောင်း ရှင်းနေပါသည်။

(Reformed Dogmatic Vol. 1, by Herman Hoeksema (1885-1965) စာအုပ်မှ ဘာသာပြန်ပါသည်)

××××××××××××××××××××××××××××××××××××××××××××××

<u>ကျမ်းစာဘာသာပြန်ကဏ္ဍ</u>

သုတ္တံ ၂၇း၁–၂၇ (ဂျိန်းဘုရင်မူ)

၁ – မနက်ဖြန်အတွက် သင့်ကိုယ်သင် မကြွားနှင့်၊ အဘယ့်ကြောင့်ဆိုသော် နေ့တနေ့က ဘာကိုဆောင်ယူလာမည်ကို သင် မသိသောကြောင့်ဖြစ်သည်။

၂ – အခြားလူက သင့်ကို ချီးမွမ်းပါစေ၊ သင့်ပါးစပ်က မဖြစ်စေနှင့်၊ လူစိမ်းတဦးက ဖြစ်ပါစေ၊ သင့်ကိုယ်ပိုင်နှုတ်ခမ်းတို့ မဖြစ်စေနှင့်။

၃ – ကျောက်တုံးသည် လေးသည်၊ ထို့အတူ သဲသည်လည်း အလေးချိန်စီးသည်၊ သို့သော် လူမိုက်တဦး၏ဒေါသသည် ထိုအရာနှစ်မျိုးထက် ပိုလေးသည်။

၄ – ဒေါသသည် ရက်စက်သည်၊ ထို့အတူ စိတ်ဆိုးခြင်းသည် ရိုင်းစိုင်းသည်၊ သို့သော် မည်သူသည် မနာလိုခြင်းရှေ့တွင် ရပ်နိုင်မည်နည်း?

၅ – ပွင့်လင်းသောဆုံးမခြင်းသည် တိတ်တဆိတ်ချစ်ခြင်းထက် ပိုကောင်းသည်။

၆ – သူငယ်ချင်းတဦး၏ ထိခိုက်ဒဏ်ရာများသည် သစ္စာရှိခြင်းဖြစ်ပါသည်၊ သို့သော် ရန်သူတဦး၏အနမ်းများသည် လှည့်စားခြင်းများဖြစ်ပါသည်။

၇ – ဝနေသောဝိညာဉ်က ပျားလဘို့ကို မလိုလားပါ၊ သို့သော် စာလောင်နေသောဝိညာဉ်အတွက်မူ ခါးသောအရာတိုင်းကိုပင် ချိုနေပါသည်။

၈ – မိမိနေရာမှ ခြေဦးတည့်ရာသွားလာနေသူသည်၊ မိမိအသိုက်မှ ခြေဦးတည့်ရာပျံနေသော ငှက်ကဲ့သို့ဖြစ်ပါသည်။

၉ – ဆီမွှေးနှင့်ရေမွှေးက နှလုံးသားကို ဝမ်းမြောက်စေသလို၊ သူငယ်ချင်းတဦး၏နှစ်လိုဖွယ်ကောင်းခြင်းမှ လှိုက်လှဲပျူငှာသောအကြံပေးခြင်းကလည်း ထိုသို့ဖြစ်စေပါသည်။

၁၀ – သင်၏ သူငယ်ချင်းနှင့် သင့်ဖခင်၏ သူငယ်ချင်းတို့ကို မစွန့်နှင့်၊ ဒုက္ခအခက်အခဲတွေ့သောနေ့တွင် သင့်ညီအကိုအိမ်သို့ မသွားနှင့်၊ အဘယ့်ကြောင့်ဆိုသော် အနီးတွင်ရှိသော အိမ်နီးချင်းသည် အဝေးတွင်ရှိသောညီအကိုထက် ပိုကောင်းပါသည်။

၁၁ – ငါ့သား၊ ပညာရှိပါ၊ ငါ့နှလုံးသားကို ဝမ်းသာစေပါ၊ ထိုသို့ဖြင့် ငါသည် ငါ့ကို အပြစ်တင်သောသူအား ပြန်ဖြေနိုင်ပါမည်။

၁၂ – ပညာရှိသူသည် ဆိုးညစ်ခြင်းကို ကြိုမြင်သည်၊ ထို့နောက် ပုန်းနေသည်၊ သို့သော် ရိုးအသူသည် ဖြတ်သွားသည်၊ ထို့နောက် ဒဏ်ပေးခံရပါသည်။

၁၃ – လူစိမ်းအတွက် အာမခံထားသူ၏ ဝတ်ရုံကို ယူထားပါ၊ ထို့အတူ တစိမ်းအမျိုးသမီးအတွက် ကတိပေးသူ၏ ဝတ်ရုံကိုလည်း ယူထားပါ။

၁၄ – မနက်စောစောထကာ မိမိသူငယ်ချင်းကို အသံကျယ်စွာ ကောင်းချီးပေးသူသည်၊ ကျိန်ခြင်းပြုသူအဖြစ် သတ်မှတ်ခံရမည်။

၁၅ – အလွန်မိုးများသောနေ့တနေ့၏ တစက်စက်ကျနေသောရေနှင့် အငြင်းသန်သောအမျိုးသမီးသည် အတူတူဖြစ်သည်။

၁၆ – သူမအား ထိန်းသိမ်းထားသူ မည်သူမဆိုသည် လေကိုထိန်းသိမ်းသူဖြစ်သည်၊ မိမိညာဖက်လက်နှင့် ဆီကို ဖမ်းဆုပ်သူ ဖြစ်သည်။

၁၇ – သံကသံကို ထက်စေသည်၊ ထို့အတူ လူသည် မိမိသူငယ်ချင်း၏မျက်နှာကို ထက်စေပါသည်။

၁၈ – ကတွက်ပင်ကို စောင့်ရှောက်သူသည် ကတွက်သီးကို စားရလိမ့်မည်၊ ထို့အတူ မိမိသခင်ကို စောင့်နေသူသည် ဂုဏ်ပြုခြင်းကို ခံရလိမ့်မည်။

၁၉ – ရေထဲတွင် မျက်နှာ၏ပုံရိပ် ထင်သကဲ့သို့၊ လူ၏နှလုံးသားကလည်း လူကိုပေါ်ပြပါသည်။

၂၀ – ငရဲနှင့်ပျက်စီးခြင်းတို့သည် ဘယ်တော့မှ မပြည့်နိုင်သလို၊ လူ၏မျက်လုံးတို့သည်လည်း ဘယ်တော့မှ မတင်းတိမ်နိုင်ပါ။

၂၁ – ငွေကို သန့်စင်သောအိုး ရှိပါသည်၊ ရွှေအတွက် မီးပြင်းဖိုလည်းရှိပါသည်၊ ထို့အတူ လူတဦးကို သူတပါးက သူ့အား မည်သို့ပြောသနည်း ဆိုသည်နှင့် တန်ဖိုးဖြတ်ရပါသည်။

၂၂ – သင် လူမိုက်ကို ဆုံထဲ၌ ဂျုံနှင့်အတူ ကျည်ပွေ့နှင့်ထောင်းလျှင်လည်း၊ သူ၏မိုက်မဲခြင်းသည် သူ့ထံမှ ခွာမည်မဟုတ်ပါ။

၂၃ – သင့် တိရိစ္ဆာန်အုပ်တို့၏ အခြေအနေကိုသိရန် ဖွဲ့ရှိစွာပြုပါ၊ ထို့အတူ သင့် တိရိစ္ဆာန်အုပ်များကို သေချာကြည့်ရှုပါ။

၂၄ – အဘယ့်ကြောင့်ဆိုသော် ချမ်းသာခြင်းများသည် ထာဝရမတည်ကြပါ၊ ထို့အတူ သရဖူသည်လည်း ဆွေစဉ်မျိုးဆက်တိုင်းသို့ ကြာရှည်မခံပါ။

၂၅ – ကောက်ရိုး ပေါ်လာပါသည်၊ ထို့အတူ မြက်နုတို့လည်း မိမိတို့ဘာသာ ပေါ်လာကြပါသည်၊ ထို့အတူ တောင်ကုန်းများပေါ်ရှိ သစ်ဥသစ်ဖုတို့ကိုလည်း စုသိမ်းရပါသည်။

၂၆ – သိုးသငယ်တို့သည် သင့်အဝတ်အစားအတွက်ဖြစ်သည်၊ ထို့အတူ ဆိတ်တို့သည် ကွင်းအတွက် ပေးစရာတန်ဖိုးဖြစ်သည်။

၂၇ – သင်သည် သင့်အစားအစာအတွက်၊ သင့်မိသားစုအစားအစာအတွက်၊ သင့်အစေခံမများအား ထောက်ပံ့ဖို့အတွက် ဆိတ်နို့ အလုံအလောက် ရှိလိမ့်မည်ဖြစ်သည်။

××××××××××××××××××××××

၂သက် ၂း၁–၁၇ (ကျိန်းဘုရင်မှု)

၁ – ယခုတွင် ညီအကိုတို့၊ ငါတို့ သခင်ယေရှုခရစ်တော်၏ ပြန်လာခြင်းအားဖြင့်၊ ထို့နောက် ငါတို့အားလုံး သူ့ထံသို့ စုဝေးကြခြင်း အကြောင်းဖြင့်၊ သင်တို့ကို ငါတို့ မေတ္တာရပ်ခံကြပါသည်၊

၂ – သင်တို့သည် ဝိညာဉ်အားဖြင့်ဖြစ်စေ၊ စကားလုံးအားဖြင့်ဖြစ်စေ၊ ငါ့တို့ထံမှကဲ့သို့သော စာအားဖြင့်ဖြစ်စေ၊ ခရစ်တော်၏နေ့သည် ရောက်နေပြီ ဆိုသည်မျိုးဖြင့်၊  သင်တို့၏စိတ်ကို အလွယ်တကူမလှုပ်ရှားစေနှင့်၊ (သို့) စိတ်ဒုက္ခမရောက်ကြနှင့်။

၃ – သင်တို့ကို မည်သူကမျှ မည်သည့်နည်းလမ်းနှင့်မျှ မလိမ်ညာစေနှင့်၊ အဘယ့်ကြောင့်ဆိုသော်၊ ထိုနေ့သည် လမ်းလွဲသွားခြင်း ပထမ မဖြစ်ဘဲ၊ ထို့အတူ အပြစ်၏လူသား၊ ပျက်စီးခြင်း၏သား မလာသေးဘဲ မရောက်နိုင်ပါ၊

၄ – ထိုသူက ဘုရားသခင်ဟု ခေါ်သောအရာအားလုံးကို (သို့) ဝတ်ပြုရသည့်အရာအားလုံးကို ဆန့်ကျင်လိမ့်မည်၊ ထိုအရာအားလုံး အပေါ် သူ့ကိုယ်သူ ချီးမြှောက်လိမ့်မည်၊ ထိုသို့ဖြင့် သူသည် ဘုရားသခင့်ပုံစံနှင့် ဘုရားသခင်၏ဗိမ္မာန်တော်တွင် ထိုင်လိမ့်မည်၊ သူ့ကိုယ်သူ သူသည် ဘုရားသခင်ဖြစ်သည်ဟု ပြလိမ့်မည်။

၅ – သင်တို့နှင့် ငါအတူရှိစဉ်က ထိုအရာများကို ပြောခဲ့ပြီးသည်ကို မမှတ်မိဘဲ နေကြပါသလော?

၆ – ယခုတွင် ထိုသူသည် သူ၏အချိန်ရောက်မှ ပေါ်ထွက်လာရန် မည်သည်က တားဆီးထားသည်ကို သင်တို့ သိကြပါသည်။

၇ – အဘယ့်ကြောင့်ဆိုသော် ဒုစရိုက်အမှု၏ နက်နဲခြင်းသည် ယခုပင် အကောင်အထည် စပေါ်နေပြီဖြစ်သည်၊– သူ့အား ဟန့်တားထားသူက ဟန့်တားထားသောကြောင့် ပေါ်မလာသေးခြင်းဖြစ်သည်၊ ၎င်းအား လာမည့်လမ်းမှ ဖယ်ချိန်ထိအောင် ထိုသို့ဖြစ်ပါမည်။

၈ – ထိုသို့ဖယ်ရှားလိုက်သောအခါ ထိုဆိုးညစ်သူ ပေါ်လာမည်ဖြစ်သည်၊ သူ့ကို သခင်ဘုရားက သူ၏ထွက်သက်ဖြင့် ဝါးမြိုပစ်လိုက်မည်ဖြစ်သည်၊ သူ၏ ပြန်လာခြင်း၏တောက်ပခြင်းဖြင့် ဖျက်ဆီးပစ်မည်ဖြစ်သည်၊–

၉ – ထိုဆိုးညစ်သူ၏လာခြင်းသည်၊ စာန်၏လုပ်ကိုင်ခြင်းအတိုင်း လာခြင်းဖြစ်မည်၊ အားလုံးသော တန်းခိုး၊ နိမိတ်လက္ခဏာများ၊ အံ့ဩဖွယ်ရာများကို လုပ်နိုင်စွမ်းတို့ဖြင့် လာမည်ဖြစ်သည်။

၁၀ – ထို့အတူ အားလုံးသော လှည့်စားခြင်းများနှင့် ပျက်စီးခြင်းသို့ရောက်သူများထံ လာမည်ဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် သူတို့သည် အမှန်တရားအားချစ်မြတ်နိုးခြင်းကို လက်မခံကြသောကြောင့်ဖြစ်သည်။

၁၁ – ထိုအတွက်ကြောင့် ဘုရားသခင်သည် သူတို့ထံသို့ အားပြင်းသော ထင်ယောင်ထင်မှားဖြစ်ခြင်းကို လွှတ်လိုက်ပါမည်၊ ထိုသို့ဖြင့် သူတို့သည် လိမ်ညာခြင်းကို ယုံကြည်ကြမည်ဖြစ်သည်၊–

၁၂ – ထိုသို့ဖြင့် အမှန်တရားကို မယုံကြဘဲ၊ မဖြောင့်မှန်ခြင်း၌ ပျော်မွေ့ကြသူအားလုံး ပြစ်ဒဏ်ခံကြရရန် ဖြစ်ပါသည်။

၁၃ – သို့သော် ငါတို့သည် သင်တို့အတွက် ဘုရားသခင်ထံ အမြဲ ကျေးဇူးတင်ကြရမည့်သူများအဖြစ် တုတ်နှောင်ခြင်း ခံရသူများ ဖြစ်ကြပါသည်၊ သခင်ဘုရား၏ ချစ်ခြင်းခံကြရသူ ညီအကိုတို့၊ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် အစမှနေ၍ သင်တို့ကို ကယ်တင်ခြင်းရဖို့ ရွေးချယ်ထားပါသည်၊ ဝိညာဉ်တော်၏ သန့်စင်ပေးခြင်းအားဖြင့်၊ အမှန်တရားကို ယုံကြည်ခြင်းအားဖြင့် ဖြစ်ပါသည်၊–

၁၄ – ထိုနေရာသို့ သူသည် သင်တို့ကို ငါတို့၏ ဧဝံဂေလိတရားအားဖြင့် ခေါ်ခြင်းဖြစ်သည်၊ ငါတို့ သခင်ယေရှုခရစ်၏ ဂုဏ်ကျက်သရေကို ရရှိကြရန်ဖြစ်သည်။

၁၅ – ထို့ကြောင့်၊ ညီအကိုတို့၊ ခိုင်မာစွာရပ်တည်ကြပါ၊ စကားအားဖြင့်၎င်း၊ (သို့) ငါ၏စာအားဖြင့်၎င်း သင်တို့ကို သင်ပေးထားပြီးသော ဓလေ့ထုံးစံများကို ကိုင်စွဲကြပါ။

၁၆ – ယခုတွင် ငါတို့ကိုချစ်သော၊ ငါတို့ထံ ထာဝရနှစ်သိမ့်မှုနှင့် ကောင်းသောမျှော်လင့်ခြင်းကို ကျေးဇူးတော်မှတဆင့် ပေးတော်မူသော၊ ငါတို့ သခင်ယေရှုခရစ် ကိုယ်တိုင်နှင့် ငါတို့၏ဖခင်ဖြစ်သော ဘုရားသခင်က၊

၁၇ – သင်တို့၏နှလုံးသားများကို နှစ်သိမ့်မှုပေးပါစေသော၊ သင်တို့ကို ကောင်းသောစကားလုံးနှင့်အလုပ်တိုင်း၌ အခြေခိုင်ခန့်အောင် ပြုတော်မူပါစေသော်။

++++++++++++++++++++++++++++

**သခင်ဘုရား၏နေ့ (၂၅)**

၆၅။ ကျွန်ုပ်တို့သည် သခင်ခရစ်တော်နှင့်သူ၏အကျိုးကျေးဇူးများကို ယုံကြည်ခြင်းဖြင့်သာပါဝင်ဆက်ဆံသူများ ဖြစ်လာကြရာ၊ ထိုယုံကြည်ခြင်းသည် မည်သည့်နေရာမှ ထွက်ပေါ်လာခဲ့ပါသနည်း?

သန့်ရှင်းသောဝိညာဉ်တော်ထံမှဖြစ်သည်။ သူက ကျွန်ုပ်တို့၏နှလုံးသားများထဲ၌ယုံကြည်ခြင်းကို ဧဝံဂေလိတရားဟောခြင်းဖြင့် ပြုလုပ်ပေးသည်။ ထို့နောက် ပွဲတော်မင်္ဂလာများအသုံးပြုခြင်းဖြင့် ပို၍ခွဲမြဲခိုင်မာစေပါသည်။

(ဖေက် ၂း၈၊ ဖိ း၂၃၊ ဖိ ၁း၂၉၊ မဿဲ ၂၈း၁၉၊ ရော ၄း၁၁)

၆၆။ ပွဲတော်မင်္ဂလာများဆိုသည်မှာအဘယ်နည်း?

မြင်ရသော၊ သန့်ရှင်းသော သင်္ကေတများနှင့်အမှတ်တံဆိပ်များဖြစ်ကြသည်။ ထိုရည်ရွယ်ချက်အတွက် ဘုရားသခင်ကခန့်ထားခြင်းဖြစ်သည်။ ၄င်းတို့ကိုသုံးခြင်းဖြင့် ဘုရားသခင်က ဧဝံဂေလိတရား၏ကတိတော်ကို ပို၍ပြည့်စုံစွာ ကြေညာပေးသည်၊ သက်သေထူပေးပါသည်။ အမည်အားဖြင့်ပြောရလျှင် သခင်ခရစ်တော်၏ လက်ဝါးကပ်တိုင်ပေါ်တွင် ပြီးပြည့်စုံစေခဲ့သော တကြိမ် ယဇ်ပူဇော်ခြင်းကြောင့် ဘုရားသခင်က ကျွန်ုပ်တို့အား အပြစ်မှကင်းလွတ်ခြင်းအခွင့်နှင့် ထာဝရအသက်တို့ကိုအဖိုးအခမလိုဘဲ ပေးခြင်း စသည်တို့ဖြစ်ပါသည်။ (ကမ္ဘာ ၁၇း၁၁၊ ရော ၄း၁၁၊ ထွက် ၁၂၊ ဝတ် ၆း၂၅၊ တမန် ၂၂း၁၆၊ ၂း၃၈၊ မဿဲ ၂၆း၂၈)

၆၇။ လက်ဝါးကပ်တိုင်ပေါ်တွင် သခင်ခရစ်တော်ပြုခဲ့သော ယဇ်ပူဇော်ခြင်းသည်သာ ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် တခုတည်းသောအကြောင်းခံဖြစ်သည် ဆိုသည့်အချက်သို့ ကျွန်ုပ်တို့၏ယုံကြည်ချက်အား လမ်းညွှန်ဖို့ရန် နှုတ်ကပတ်တော်နှင့် ပွဲတော်မင်္ဂလာများ နှစ်ခုလုံးကို ခွဲခန့်သတ်မှတ်ထားပါသလား?

အမှန်ပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့၏ကယ်တင်ခြင်းတခုလုံးသည် လက်ဝါးကပ်တိုင်ပေါ်တွင် ကျွန်ုပ်တို့အတွက်ပြုတော်မူသော သခင်ခရစ်တော်၏တကြိမ်ယဇ်ပူဇော်ခြင်းအပေါ်၌သာ တည်နေသည်ဟု ဧဝံဂေလိတရားထဲတွင်သင်ပေးပြီး၊ ပွဲတော်မင်္ဂလာများဖြင့် သေချာစေပါသည်။ (ရော ၆း၃၊ ဂလာ ၃း၂၇)

၆၈။ သခင်ခရစ်တော်က ပဋိညာဉ်တရားသစ် (သို့) ဓမ္မသစ်တွင် ပွဲတော်မင်္ဂလာမည်မျှကို ခန့်ထားပါသနည်း?

နှစ်မျိုးဖြစ်သည်။ အမည်အားဖြင့်ပြောရလျှင် သန့်ရှင်းသောဗတ္တိဇံမင်္ဂလာနှင့် သန့်ရှင်းသောညစာပွဲတော်မင်္ဂလာတို့ ဖြစ်ကြ သည်။ (၁ကော ၁၀း၂-၄)